မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၄ ခုနှစ်၊ ကဆုန်လဆန်း ၁၄ ရက်၊ ၂၀၁၂ ခုနှစ်၊ မေ ၄ ရက်၊ သောကြာနေ့၊ အတွဲ (၅၁)၊ အမှတ် (၂၁၂)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ် စိတ်ဓာတ်ဖြစ်သည်။

လက်ခံတွေ့ဆုံ

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း International Labour Organization (ILO) အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ Mr. Greg Vines အား နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် အစည်းအဝေးဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း
ILO အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခေါင်းဆောင်သောအဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် မေ ၃

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် International Labour Organization (ILO) အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ Mr. Greg Vines ခေါင်းဆောင်သောအဖွဲ့အား ယနေ့နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် အစည်းအဝေးဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ပြည်သူ့လွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် ပြည်သူ့လွှတ်တော်က ပြဋ္ဌာန်းပေးခဲ့သည့် အလုပ်သမားများဆိုင်ရာ ဥပဒေများကို ဆက်လက်အကောင်အထည်ဖော်ရေး၊ မြန်မာနိုင်ငံနှင့် ILO ပူးပေါင်းဆောင်ရွက်မှု တိုးချဲ့ဆောင်ရွက်နိုင်ရေးအတွက် နည်းလမ်းများရှာဖွေရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးခင်မင်စွာ ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း
နိုင်ငံတကာပါလီမန်များဆိုင်ရာသမဂ္ဂ (IPU) ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် မေ ၃

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် နိုင်ငံတကာပါလီမန်များဆိုင်ရာသမဂ္ဂ (IPU) ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင် Ms. Norah Babic နှင့်အဖွဲ့အား ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်အစည်းအဝေးဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ပြည်သူ့လွှတ်တော်ကော်မတီများမှ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ ကော်မရှင်မှအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရင်းနှီးခင်မင်စွာဆွေးနွေး

တွေ့ဆုံစဉ် နိုင်ငံတကာပါလီမန်များဆိုင်ရာသမဂ္ဂ (IPU) မှ လွှတ်တော်များအား အကူအညီပေးရေးအတွက် လိုအပ်ချက်များ ဆန်းစစ်သုံးသပ်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးခင်မင်စွာဆွေးနွေးကြသည်။ **(သတင်းစဉ်)**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း နိုင်ငံတကာပါလီမန်များဆိုင်ရာ သမဂ္ဂ (IPU) ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင် Ms. Norah Babic အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။
(သတင်းစဉ်)

သတင်းဆောင်းပါး
တင်ဝင်းလေး
(ကြည့်မြင်တိုင်)
ဓာတ်ပုံ
တင်စိုး (မြန်မာ့အလင်း)

မီးသတ်တပ်ဖွဲ့ဝင်များ မီးဘေး ကြိုတင်ကာကွယ်ရေးအတွက် လေ့ကျင့်နေကြစဉ်။

(၆၆)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ ဂုဏ်ပြုသတင်းဆောင်းပါး

မီးဘေးအန္တရာယ်ကို ကြိုတင်ကာကွယ်မှုဖြင့် အနိုင်ယူပါ

ရန်ကုန် မေ ၃

၂၀၁၂ ခုနှစ် မေလ ၅ ရက်နေ့သည်ကား မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့၏ (၆၆)နှစ်ပြည့်မြောက်သောနေ့ ဖြစ်သည်။

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့သည် (၆၆)နှစ်တာကာလပတ်လုံး မပြတ်သော သတိ၊ မလစ်ဟင်းသော တာဝန်ဖြင့် မီးဘေးအန္တရာယ်ကာကွယ်ရေးကို ဆောင်ရွက်နေသကဲ့သို့ ယနေ့ကာလတွင် ဖြစ်ပွားမှုများလာခဲ့သော သဘာဝဘေးအန္တရာယ်များ၌လည်း ကယ်ဆယ်ရေးတာဝန်တို့ကိုပါ မမှိတ်မသုန်ထမ်းဆောင်နေကြသော လူမှုသူရဲကောင်းများဖြစ်ကြသည်။ *စာမျက်နှာ ၅ ကော်လံ ၁* ◆

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၂ ခုနှစ် မေ ၄ ရက်)

ရဲရဲဝံ့ဝံ့ စွန့်စွန့်စားစား မီးသတ်သမား

နှစ်စဉ် မေလ ၅ ရက်နေ့သည် မြန်မာနိုင်ငံ၏မီးသတ်တပ်ဖွဲ့နေ့ဖြစ်သည်။ မီးသတ်တပ်ဖွဲ့နေ့ရောက်လေတိုင်း နိုင်ငံတစ်ဝန်း မီးသတ်တပ်ဖွဲ့ဝင်များအား ဂုဏ်ပြုသည့်အခမ်းအနားများ ကျင်းပလေ့ရှိသည်။ တစ်နှစ်တာအတွင်း စွမ်းစွမ်းတမံ စွမ်းဆောင်ပေးကြသော မီးသတ်တပ်ဖွဲ့ဝင်များအား ဂုဏ်ပြုသောအားဖြင့် ကျင်းပပေးခြင်းလည်းဖြစ်ပေသည်။ ယခုနှစ်ဆိုလျှင် မီးသတ်တပ်ဖွဲ့နေ့ကျင်းပလာခဲ့သည်မှာ နှစ်အားဖြင့် (၆၆)နှစ်ပင်တိုင်ခဲ့ပြီ။

စင်စစ်အားဖြင့် မီးသတ်တပ်ဖွဲ့ဝင်များသည် ဂုဏ်ပြုသင့် ဂုဏ်ပြုထိုက်သူများပင်ဖြစ်၏။မီးလောင်မှုဖြစ်ပွားပြီဆိုလျှင် ရှေ့ကအရင်ဆုံးဦးဆောင်ရောက်သွားပြီး မီးငြိမ်းသတ်ပေးသူများမှာ မီးသတ် တပ်ဖွဲ့ဝင်များပင်ဖြစ်ပါသည်။ "မီး" ဟူသောအသံကြားသည်နှင့် ရောက်ရာအရပ်က အပြေးအလွှား မီးငြိမ်းသတ်ရမည်ဆိုသည့် ခံယူချက်သည် မီးသတ်တပ်ဖွဲ့ဝင်တိုင်း၏ ခံယူချက်ပင်ဖြစ်ပါသည်။ မည်မျှပင် အန္တရာယ်ကြီးမားစေကာမူ မီးတောက်မီးလျှံများကြား အသက်ကို ပဓာနမထားဘဲ မီးငြိမ်းသတ်ကြသူများပင် ဖြစ်ပါသည်။ မီးငြိမ်းသတ်ရင်း ဒဏ်ရာရမီးသတ်တပ်ဖွဲ့ဝင်များ၊ အသက်ပေးလှူသွားသော မီးသတ်တပ်ဖွဲ့ဝင်များ အများအပြား ရှိပါသည်။ ထင်ရှားသော သာဓကတစ်ခုကိုပြရလျှင် ပြီးခဲ့သည့်နှစ် ဒီဇင်ဘာလအတွင်းက မင်္ဂလာတောင်ညွန့်မြို့နယ် မီးလောင်မှုပင်ဖြစ်သည်။ ယင်းမီးလောင်မှုတွင် မီးသတ်တပ်ဖွဲ့ဝင်ငါးဦး အသက်ပေးလှူသွားကြသည်။ ဒဏ်ရာရမီးသတ်တပ်ဖွဲ့ဝင်တွေလည်း အများအပြားရှိခဲ့သည်။ တကယ့်ကိုပင် အသက်ကို ပဓာနမထားဘဲ မီးငြိမ်းသတ်ပေးသည်ဆိုသည်မှာ ထင်ရှားပေသည်။

မီးသတ်တပ်ဖွဲ့ဝင်များ၏တာဝန်သည် မီးငြိမ်းသတ်ရေးတာဝန်တစ်ခုတည်းကိုသာ လုပ်ကိုင်နေကြသူများ မဟုတ်ပေ။ မီးဘေးအန္တရာယ်အပြင် သဘာဝဘေးအန္တရာယ်များဖြစ်သည့် မုန်တိုင်းတိုက်ခတ်ခြင်း၊ ရေကြီးခြင်းစသော သဘာဝဘေးအန္တရာယ်အမျိုးမျိုးမှလည်း ကာကွယ်စောင့်ရှောက်ပေးကြသူများ ဖြစ်ပါသည်။ သဘာဝဘေးအန္တရာယ်ကျရောက်တိုင်း ပြည်သူများအား ရဲရဲဝံ့ဝံ့ စွန့်စွန့်စားစား အသက်ပေးကယ်တင်ပေးကြသူများလည်းဖြစ်ပါသည်။ ထို့အပြင် မီးသတ်တပ်ဖွဲ့ဝင်တိုင်းသည် မီးသတ်တပ်ဖွဲ့ဝင်များ၏ အဓိကတာဝန်ကြီးငါးရပ်ဖြစ်သည့် မီးသတိမူရေး၊ မီးဘေးကြိုတင်ကာကွယ်ရေး၊ မီးငြိမ်းသတ်ရေး၊ အသက်ကယ်ဆယ်ရေးနှင့် လူမှုရေးတို့ကို ခါးဝတ်ပုဆိုးကဲ့သို့ မြဲမြဲလုပ်ကိုင်ဆောင်ရွက်နေကြသူများလည်း ဖြစ်ပါသည်။

ဤသို့ ကိုယ်ကျိုးစွန့်အနစ်နာခံ အသက်ကို ပဓာနမထားဘဲ လုပ်ကိုင်နေကြသောမီးသတ်တပ်ဖွဲ့ဝင်များအား ဂုဏ်ပြုချီးမြှောက်ထိုက်ပေသည်။ တစ်နှစ်တာအတွင်း အကောင်းဆုံးမီးငြိမ်းသတ်သည့် တပ်ဖွဲ့ဝင်များအား နိုင်ငံတော်က ရဲသူရိန်၊ ရဲဗလ၊ ရဲကျော်သူအစရှိသော ဘွဲ့တံဆိပ်များ ချီးမြှင့်ပေးအပ်လေ့ရှိပါသည်။ မီးသတ်တပ်ဖွဲ့ဝင်ကောင်းတစ်ဦးဖြစ်လာရန် များစွာပြုစုပျိုးထောင်ပေးကြရပါသည်။ မီးသတ်တပ်ဖွဲ့ဝင်တိုင်း မီးသတ်စွမ်းရည်အပြည့်အဝရှိနေစေရန် အမြဲမပြတ်လေ့ကျင့်နေကြရပါသည်။ စွမ်းစွမ်းတမံ လုပ်ကိုင်နိုင်သော မီးသတ်တပ်ဖွဲ့ဝင်များကို ဂုဏ်ပြုချီးမြှောက်ကြရပါသည်။

သို့ဖြစ်ပါ၍ ပြည်သူအပေါင်းတို့ကလည်း မိမိတို့၏အသက်၊ အိုးအိမ်၊ စည်းစိမ်များကို မီးဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်ပေးနေသော မီးသတ်တပ်ဖွဲ့ဝင်များအား ဂုဏ်ပြုသောအားဖြင့် မီးကို ရိုသေကြရပါမည်။ မီးလောင်မှုမဖြစ်ပွားအောင် အစဉ်သတိပြုသင့်ပေသည်။ မီးဘေးအန္တရာယ်ကို ကြိုတင်ကာကွယ်ခြင်းသည် မိမိတို့ တစ်သက်တာရှာဖွေထားသော ဥစ္စာပစ္စည်းများကို ထိန်းသိမ်းစောင့်ရှောက်ခြင်းပင်ဖြစ်ပါကြောင်း အသိပေး ရေးသားလိုက်ရပါသည်။ ။

ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်အား ဂျပန်နိုင်ငံမှ ဧည့်သည်အဖွဲ့ တွေ့ဆုံ

နေပြည်တော် မေ ၃

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်အား ဂျပန်နိုင်ငံ Toray Industries, Inc. မှ Executive Vice-President Mr. Shinichi Koizumi နှင့်အဖွဲ့သည် ယနေ့နံနက် ၁၀ နာရီတွင် ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ အရည်အချင်းပြည့်ဝသော လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သိပ္ပံနှင့်နည်းပညာဆိုင်ရာ အခန်းကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် ကိစ္စရပ်များကို ဆွေးနွေးကြသည်။ **(အပေါ်ပုံ)**

ထိုသို့တွေ့ဆုံရာတွင် ဒုတိယဝန်ကြီး ဒေါက်တာကိုကိုဦး၊ စက်မှုနှင့်သက်မွေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ်တို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်တွင်းထုတ်လုပ်မှုနှင့် ကုန်သွယ်မှုမြှင့်တင်ရေးစည်းဝေး

နေပြည်တော် မေ ၃

ပြည်တွင်းထုတ်လုပ်မှုနှင့် ကုန်သွယ်မှုမြှင့်တင်ရေး (၃/၂၀၁၂) ကြိမ်မြောက် အစည်းအဝေးကို မေ ၂ ရက် မွန်းလွဲ ၂ နာရီတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်**(အောက်ပုံ)**က ကမ္ဘာ့ဈေးကွက်သည် ပြိုင်ဆိုင်မှုများသည့်အတွက် ပို့ကုန်ပစ္စည်းများ၏ အရည်အသွေး ကောင်းမွန်ရန်အထူးလိုအပ်ကြောင်း၊ အလားတူတင်သွင်းလာသည့် သွင်းကုန်များ၏ အရည်အသွေးမှန်ကန်မှုရှိရန်လည်း လိုအပ်ကြောင်း၊ မန္တလေးဈေးကွက်သို့ ပဲဆီအနံ့ရောစပ်ထားသော ပြည်သူလူထုစားသုံးရန် မသင့်လျော်သည့် အမျိုးအမည်မသိဆီများ တရားမဝင် ဝင်ရောက်မှုများရှိနေခြင်းကို နည်းမျိုးစုံဖြင့် တားဆီးသွားရန်လိုအပ်ကြောင်း၊ ထုတ်လုပ်မှု၊ သိုလှောင်မှုနှင့် သယ်ယူပို့ဆောင်ရာတွင် မလိုအပ်သည့် အပိုကုန်ကျစရိတ်များ လျှော့ချရန်လိုအပ်ကြောင်း၊ စားသုံးသူနှင့် စိုက်ပျိုးထုတ်လုပ်သူ နှစ်ဦးနှစ်ဖက်မျှမျှတတဖြစ်ရန် လိုအပ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် စိုက်ပျိုးထုတ်လုပ်မှု၊ ပြည်တွင်းပြည်ပ တင်ပို့ရောင်းချမှုလုပ်ငန်းများ တိုးတက်ပြီး တောင်သူများ၊ တိုင်းရင်းသားလုပ်ငန်းရှင်များ၊ စားသုံးသူပြည်သူများ အကျိုးဖြစ်ထွန်းစေရေးအတွက် အစစအရာရာ လိုက်လျောမှုနှင့် ဖြေလျှော့မှုများဆောင်ရွက်ပေးနေကြောင်းဖြင့် ဆွေးနွေးပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဟိုတယ်လုပ်ငန်းဆိုင်ရာ မန္တလေး၌ ညှိနှိုင်းဆွေးနွေး

မန္တလေး မေ ၃

မန္တလေးမြို့တွင်ကျင်းပမည့် အမျိုးသမီးဘောလုံးပြိုင်ပွဲ၌ ပြိုင်ပွဲဝင်အသင်းများ တည်းခိုနေထိုင်ရေးနှင့် ဧည့်ခံကျွေးမွေးရေး လုပ်ငန်းဆိုင်ရာ ဆွေးနွေးပွဲကို မေ ၂ ရက် နံနက် ၉ နာရီခွဲက မန္တလေးမြို့ ကမ်းနားလမ်း ၂၂× ၂၃ လမ်း ရေဝတီရေးဗားဗျူးဟိုတယ် အစည်းအဝေးခန်းမ၌ကျင်းပရာ မန္တလေးမြို့ရှိ ဟိုတယ်လုပ်ငန်းရှင်များ တက်ရောက်ကြပြီး (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကျင်းပရေး ကြိုတင်ပြင်ဆင်မှု ဦးဆောင်ကော်မတီ အတွင်းရေးမှူး အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူ လိုအပ်သည်များကို မှာကြားသည်။ **(အောက်ပုံ)**

ထို့နောက် အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအုန်းမြင့်ဦး၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူး ဦးကောင်းထွဋ်၊ မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း (မန္တလေးဇုန်) ဥက္ကဋ္ဌ ဦးမြင့်အောင်တို့က လုပ်ငန်းဆိုင်ရာများ ရှင်းလင်းတင်ပြကြပြီး တက်ရောက်လာကြသည့် ဟိုတယ်လုပ်ငန်းရှင်များမှ တာဝန်ရှိသူများက မိမိတို့ ဟိုတယ်အလိုက်လုပ်ငန်းဆိုင်ရာ ဆောင်ရွက်ထားရှိမှုတို့ကို အသီးသီးတင်ပြကြရာ ဒုတိယဝန်ကြီးက လုပ်ငန်းလိုအပ်သည်များ ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရှိရသည်။ **(မန္တလေးကိုယ်ပွား)**

မြန်မာ့ရုပ်မြင်သံကြား

၁၃၇၄ ခုနှစ်၊ ကဆုန်လဆန်း ၁၄ ရက် (အဖိတ်နေ့)

၄-၅-၂၀၁၂ (သောကြာနေ့)

နံနက်ပိုင်း

- ၇:၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၃၀ နံနက်ခင်းသတင်း
- ၈:၃၅ International News
- ၈:၄၀ **မဟာဝံသမြတ်ဗုဒ္ဓ**

ညပိုင်း

- ၄:၃၀ **ကုသိုလ်ပန်းဝေ သွန်းညောင်ရေ**
- ၄:၃၅ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ဒုတိယနှစ်(သမိုင်းအထူးပြု) (သမိုင်း)
- ၅:၃၅ **မဟာဗောဓိတစ်ထောင် သာသနာ့အောင်မြေ**
- ၆:၀၀ ညနေခင်းသတင်း
- ၆:၁၅ မိုးလေဝသအခြေအနေ
- ၈:၀၀ ပြည်တွင်းသတင်း နိုင်ငံတကာသတင်းများ

မြဝတီရုပ်မြင်သံကြား

၄-၅-၂၀၁၂ (သောကြာနေ့)

နံနက်ပိုင်း

- ၈:၀၀ မြဝတီရုပ်မြင်သံကြားသတင်း

ညပိုင်း

- ၆:၃၀ "ရွာ" ဟာသဇာတ်လမ်းတွဲ (အပိုင်း-၁၄၆) **တော်သေးတာပေါ့** နိုင်ဝင်း၊ ထင်လင်းညို၊ ကျော်ဇေထက်နှင့် သရုပ်ဆောင်များ
- ၇:၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကွန်ဖူးဘုရင်ဘရုစ်လီ** (အပိုင်း-၃၁) -မီးသတ်တပ်ဖွဲ့နေ့ဂုဏ်ပြု ဇာတ်လမ်း **မီးလျှံကြားက သွေးသစ္စာ** (အပိုင်း-၁) **-သံစဉ်များနှင့်ကမ္ဘာ** -ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အရိုက်အရာ** (အပိုင်း-၉) -ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သမုဒ္ဒယနှောင်ကြိုး** (အပိုင်း-၂၆)

❖ *ကျောဖုံးမှ*

လုပ်ငန်းဆိုင်ရာ အခက်အခဲများကို ရှင်းလင်းဆွေးနွေးပေးခြင်း အတွက် လုပ်ငန်းဗဟုသုတများ များစွာရရှိနိုင်မည်ဖြစ်ပါကြောင်း၊ မိမိတို့ ဝန်ကြီးဌာနသည် သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းတွင် UNFPA နှင့် နီးကပ်စွာပူးပေါင်း၍ အပြည့်ပြည့်ဆိုင်ရာ စံချိန်စံညွှန်းများနှင့် အညီဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ တက်ရောက်လာကြသည့် ကော်မရှင်အဖွဲ့ဝင်များကလည်း လုပ်ငန်းဆိုင်ရာ သိရှိလိုသည်များကို ဆွေးနွေးမေးမြန်း အကြံဉာဏ်များရယူခြင်းဖြင့် လုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းပါကြောင်းဖြင့် ရှင်းလင်းမှာကြားသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော် လူမှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမောင်မောင်ဆွေနှင့် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂလူဦးရေ ရန်ပုံငွေအဖွဲ့ (UNFPA) ဌာနေကိုယ်စားလှယ် Mr. Mohamed Abdel - Ahad တို့က အမှာစကားပြောကြားကြသည်။

ထို့နောက် ပြည်သူ့အင်အားဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးညီညီက ၂၀၁၄ ခုနှစ်တွင် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ပြည်လုံးကျွတ် သန်းခေါင်စာရင်းကောက်ယူရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် လူဦးရေနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဒေသအကြံပေးပုဂ္ဂိုလ် Mr. Christophe Lefranc က နိုင်ငံတကာ၌ သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းဆိုင်ရာ အတွေ့အကြုံများနှင့် မြန်မာနိုင်ငံ၌ သန်းခေါင်စာရင်း ကောက်ယူရာတွင် ကြုံတွေ့နိုင်မည့် အခက်အခဲများ၊ ဖြေရှင်းနိုင်ရေးနည်းလမ်းများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာကြသူများက သန်းခေါင်စာရင်းကောက်ယူခြင်းဆိုင်ရာလုပ်ငန်းများနှင့် ပတ်သက်၍ သိရှိလိုသည်များကို ဆွေးနွေးမေးမြန်းကြရာ ပြည်ထောင်စုဝန်ကြီး ဦးခင်ရီနှင့် UNFPA မှ ကိုယ်စားလှယ်များက ပြန်လည်ရှင်းလင်းဆွေးနွေး ဖြေကြားကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကဆုန်ညောင်ရေသွန်းလောင်းမည်

ရန်ကုန် မေ ၃

မွန်စာပေနှင့် ယဉ်ကျေးမှုကော်မတီ (ရန်ကုန်)မှ မေ ၅ ရက် ကဆုန်လပြည့်နေ့ ညနေတွင် ရွှေတိဂုံစေတီတော်ရင်ပြင် မဟာဗောဓိပင်၌ ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ကုသိုလ်ယူကြမည်ဖြစ်ရာ မွန်အမျိုးသား အမျိုးသမီးများသည် မွန်တိုင်းရင်းသားဝတ်စုံဖြင့် ရွှေတိဂုံဘုရားလမ်းရှိ မွန်ဓမ္မာရုံမှ ညနေ ၃ နာရီတွင် ထွက်ခွာမည်ဖြစ်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

ပြည်ထောင်စုဖွားသွေးချင်းများ
တားဆီးကာကွယ်မီးရန်ခွယ်

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား တရုတ်နိုင်ငံသံအမတ်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် မေ ၃

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာလီကျွင်းဟွာသည် မေ ၃ ရက် နံနက် ၁၁ နာရီခွဲတွင် ပြည်ထောင်စုဝန်ကြီး၏ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။ ထိုသို့တွေ့ဆုံရာ၌ နှစ်နိုင်ငံဆက်ဆံမှုမြှင့်တင်ရေးနှင့် နှစ်နိုင်ငံအကျိုးတူကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်နှင့် ထိုင်းနိုင်ငံအလုပ်သမားဝန်ကြီးဌာနဝန်ကြီး H.E.Mr. Phademchai Sasomsub တို့ ဗန်ကောက်မြို့၌ ဧပြီ ၂၃ ရက်က တွေ့ဆုံဆွေးနွေးကြစဉ်။
(သတင်းစဉ်)

ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးကော်မတီဥက္ကဋ္ဌအား ILO ၏ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ လာရောက်တွေ့ဆုံ

နေပြည်တော် မေ ၃

ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးကော်မတီဥက္ကဋ္ဌ ဦးဌေးဦးအား အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (ILO)၏ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ Mr. Greg Vines ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ကော်မတီ အဆောင်အမှတ်(၁) ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။ **(အပေါ်ပုံ)**

ထိုသို့တွေ့ဆုံရာတွင် လွှတ်တော်အနေဖြင့် နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးများကို အကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့် အလုပ်သမားရေးရာကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။ အဆိုပါ တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကော်မတီအတွင်းရေးမှူး ဦးတင်မောင်ဝင်းနှင့် ကော်မတီဝင်များ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ဓာတ်ပုံနှင့် ကွန်ပျူတာ ပန်းချီ/ပိုစတာပြိုင်ပွဲများ ဖိတ်ခေါ်ခြင်း

နေပြည်တော် မေ ၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့က ကြီးမှူးကျင်းပသည့် ၂၀၁၂ ခုနှစ် ဇွန်လ ၂၆ ရက်နေ့တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ဓာတ်ပုံနှင့် ကွန်ပျူတာ ပန်းချီ/ပိုစတာပြိုင်ပွဲအတွက် စာမူနှင့် လက်ရာများအား ဖိတ်ခေါ်ပါသည်။

ပြိုင်ပွဲအတွက် သတ်မှတ်ထားသောစည်းကမ်းချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(၁) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ကကြီးမှူးကျင်းပသည့် ဇွန်လ ၂၆ ရက်နေ့တွင်ကျရောက်မည့် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေး အထိမ်းအမှတ်နေ့အတွက် မူးယစ်ဆေးဝါး ထုတ်လုပ်သုံးစွဲမှုပပျောက်ရေးကို ဦးတည်ရည်ရွယ်လျက် အနုပညာရသမြောက်စွာ ဖွဲ့ဆိုသီကုံး၊ ရေးဆွဲ၊ ရိုက်ကူးရမည့်ဦးတည်ချက် ဆောင်ပုဒ်များမှာ-
- (က) ကျန်းမာပျော်ရွှင်နေနိုင်ဖို့ မူးယစ်ဆေးဆိုရှောင်ကြစို့ "Think Health, Not Drugs"
- (ခ) တန်ဖိုးရှိလှ လူငယ်ဘဝ မူးယစ်ကင်းစင် ကျန်းမာမှ
- (ဂ) သာယာလှပ ဘဝပုံပြင် မူးယစ်ဆေးဝါး အဝေးကိုနှင်
- (ဃ) အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

(၂) **ဝတ္ထုတို**ပြိုင်ပွဲကို အလွတ်တန်းတစ်မျိုးတည်းသာထားရှိ၍ စာမူကို ကွန်ပျူတာဖြင့်ဖြစ်စေ၊ လက်ရေးဖြင့်ဖြစ်စေ၊ စာတစ်မျက်နှာတည်းတွင် သပ်ရပ်စွာရေး၍ မူရင်းနှင့်မိတ္တူပေါင်း နှစ်စောင် တင်သွင်းရမည်။ စာလုံးရေကန့်သတ်ချက်မှာ ၃၀၀၀ မှ ၅၀၀၀ အတွင်းဖြစ်သည်။

(၃) **ဆောင်းပါး**ပြိုင်ပွဲကို အလွတ်တန်းတစ်မျိုးတည်းသာထားရှိ၍ စာမူကို ကွန်ပျူတာဖြင့်ဖြစ်စေ၊ လက်ရေးဖြင့်ဖြစ်စေ၊ စာတစ်မျက်နှာတည်းတွင်သပ်ရပ်စွာရေး၍ မူရင်းနှင့် မိတ္တူပေါင်းနှစ်စောင် တင်သွင်းရမည့်စာလုံးရေကန့်သတ်ချက်မှာ ၃၀၀၀မှ ၅၀၀၀ အတွင်း ဖြစ်သည်။

(၄) **ကဗျာ**ပြိုင်ပွဲကို အလွတ်တန်းတစ်မျိုးတည်းသာထားရှိ၍ စာမူကို ကွန်ပျူတာဖြင့်ဖြစ်စေ၊ လက်ရေးဖြင့်ဖြစ်စေ၊ စာတစ်မျက်နှာ တည်းတွင် သပ်ရပ်စွာရေး၍ မူရင်းနှင့်မိတ္တူပေါင်းနှစ်စောင် တင်သွင်းရမည်။ ပြိုင်ပွဲဝင်ကဗျာသည် မြန်မာကဗျာ စပ်ထုံးစပ်နည်း မှန်ကန်ပြီး စာကြောင်းရေ ၅၀ မှ ၁၀၀ (ပါဒ ၁၀၀ မှ ၂၀၀) အတွင်း ရှိရမည်။

(၅) **တေးသီချင်း**ပြိုင်ပွဲကို အလွတ်တန်းတစ်မျိုးတည်းသာ ထားရှိ၍ တစ်ဦးချင်း (သို့မဟုတ်)အဖွဲ့နှင့် သီဆိုနိုင်သော တေးသီချင်းဖြစ်ပြီး ပရိသတ်နားစွဲလွယ်သော ကိုယ်ပိုင်သံစဉ် တေးသွားသီချင်းသစ်ဖြစ်ရမည်။ သံစဉ်ရော စာသားပါအကြောင်းအရာတင်ပြပုံ၊ ဦးတည်ချက်မှန်ကန်၍ စကားလုံး ကျစ်လျစ်ထိရောက်ရမည်။ ပြိုင်ပွဲဝင်မည့်တေးသီချင်းအား CD ဖြင့် အသံသွင်းပြီး ပြိုင်ပွဲဝင် တစ်ဦးလျှင် တေးသီချင်းတစ်ပုဒ်သာ ယှဉ်ပြိုင်ခွင့်ပြုပါမည်။ ပြိုင်ပွဲဝင်မည့် အပြီးသတ်အချောသွင်းထားပြီးဖြစ်သော CD Master နှင့်အတူ စာသားကို ကွန်ပျူတာ(သို့) လက်နှိပ်စက်ဖြင့်ရေးသားပြီး မူရင်း တစ်စောင်ကို ဂီတသင်္ကေတမူရင်းတစ်စောင်နှင့်အတူ ပေးပို့ရမည်။

(ဆက်လက်ဖော်ပြပါမည်)

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း နှစ်ပတ်လည်အစည်းအဝေး ဆက်လက်ကျင်းပ

နေပြည်တော် မေ ၃

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း (၂၂)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း (ဗဟို) ခန်းမ၌ ဆက်လက်ကျင်းပသည်။

ဆောင်ရွက်ပေး

ပထမပိုင်းအစီအစဉ်အဖြစ် ကချင်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့က "မနောမြေမှ အဝိရောင် နတ်မိမယ်များ၏ ပြည်သူလူထုအကျိုးပြု ဆောင်ရွက်ချက်များအပေါ် အသိအမြင်၊ သဘောထား၊ ခံယူချက်များကိုလေ့လာခြင်း" စာတမ်း၊ ကယားပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့က "လူထုပူးပေါင်းဆောင်ရွက်သော အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများ" စာတမ်း၊ ကရင်ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့က "ကျောင်းဈေးရောင်းချသူများ၏ အစားအသောက်သန့်ရှင်းရေးနှင့်ပတ်သက်သော ဗဟုသုတနှင့် အလေ့အကျင့်လေ့လာခြင်း" စာတမ်း၊ ချင်းပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့က "အိမ်တိုင်ရာရောက် သက်ကြီးရွယ်အို စောင့်ရှောက်မှုလုပ်ငန်းဆန်းစစ်ခြင်း" စာတမ်း၊ စစ်ကိုင်းတိုင်းဒေသကြီး မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့က "မုံရွာမြို့အသင်းသားဖွားခန်း ဆောင်ရွက်နိုင်မှုအားလေ့လာခြင်း" စာတမ်း၊ တနင်္သာရီတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့က "တနင်္သာရီတိုင်းဒေသကြီးအတွင်း ရွှေ့ပြောင်းနေထိုင်သူများ၏ ငှက်ဖျားရောဂါကာကွယ်ရေးနှင့် ကုသရေးဆိုင်ရာဗဟုသုတ၊ ခံယူချက်နှင့် လက်တွေ့လုပ်ဆောင်ချက်များကို လေ့လာခြင်း" စာတမ်း၊ ပဲခူးတိုင်းဒေသကြီး မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့က တိုက်ရိုက်ကြည့်ရှု အချိန်တိုနှင့်ကုနည်းဗျူဟာဖြင့် ကုသမှုခံယူနေသော အမျိုးအစား-၂ တီဘီလူနာ၏အခြေအနေနှင့် ကျန်းမာရေးသိရှိမှုလေ့လာခြင်း" စာတမ်း၊ မကွေးတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့က "နေထိပန်း မန္တမ်းစေချင်" စာတမ်းများကို ဖတ်ကြားတင်သွင်းကြပြီး သဘာပတိ ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းနိုင်ဦးက လိုအပ်ချက်များကို သုံးသပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ရပ်နားလိုက်

ဒုတိယပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့က "ပိုးလွတ်ပန်းကလေးများ ပွင့်လန်းနိုင်စေဖို့ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ ဝိုင်းဝန်းဆောင်ရွက်စို့"စာတမ်း၊ မွန်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့က "ရွေးချယ်ထားသော မြို့နယ်များအတွင်း မိခင်မှကလေးသို့ အိတ်ချ်အိုင်ဗွီပိုးကူးစက်မှု ကာကွယ်ခြင်းလုပ်ငန်း၏ အကျိုးသက်ရောက်မှုလေ့လာခြင်း" စာတမ်း၊ ရခိုင်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့က "ရခိုင်ပြည်နယ် စစ်တွေမြို့နယ်အတွင်းရှိ ကျောင်းဆရာ ဆရာမများ၏ သွေးလွန်တုပ်ကွေးရောဂါကာကွယ်ခြင်းဆိုင်ရာ ဗဟုသုတ၊ ခံယူချက်နှင့် အလေ့အကျင့်များ လေ့လာခြင်းနှင့် ရောဂါပိုးသယ်ဆောင်ကောင်များအပေါ် ကာကွယ်ခြင်းဂုဏ်သတ္တိများဆိုင်ရာလေ့လာခြင်း (၂၀၁၁)" စာတမ်း၊ ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့က "ကူးစက်ခြင်းမရှိသော ရောဂါများကာကွယ်ဖို့ လူနေမှုဘဝပုံစံပြောင်းကြလို့ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များက ပူးပေါင်းပါဝင်ဆောင်ရွက်စို့" စာတမ်း၊ ရှမ်းပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့က "အသိတရား သဘောထား၊ မျိုးဆက်ပွားကျန်းမာရေးနှင့် လူငယ်များ"စာတမ်း၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ "အိမ်တိုင်ရာရောက် သက်ကြီးရွယ်အို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအပေါ် ပြည်သူလူထု၏သဘောထားကို လေ့လာခြင်း"စာတမ်းများကို ဖတ်ကြားတင်သွင်းကြပြီး အစည်းအဝေးဒုတိယနေ့ကို ညနေပိုင်းတွင် ရပ်နားလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နှစ်ပတ်လည်စည်းဝေး

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း (၂၂)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး ဒုတိယနေ့ ကျင်းပစဉ်။
(သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ် ကမာပါကျေးရွာ သုတဘဏ်စာကြည့်တိုက်အတွက် ကိုအောင်မြင့်လှိုင်နှင့် မမင်းမင်းသန်း (မြသော်တာအထည်ဆိုင်) မင်္ဂလာဈေးက Smart EVD ပြစက်တစ်လုံးနှင့် စာစောင်မျိုးစုံ ၃၀၀ကို မေ ၂ ရက်က ပေးအပ်လှူဒါန်းရာ စာကြည့်တိုက် ကော်မတီဥက္ကဋ္ဌ လက်ခံယူစဉ်။ (မြို့နယ် ပြန်/ဆက်)

စာပေမြင့်မှ လူမျိုးတင့်မည်

မိုးမြင့်လင်းလက် - စုစည်းသည်

ပန်းချီဆရာအက်ဗက်မန့်စ်၏ပန်းချီကား လေလံပွဲ၌ ဒေါ်လာ ၁၁၉ ဒသမ ၉ သန်းရရှိ

နယူးယောက် မေ ၃

ကမ္ဘာကျော်ပန်းချီဆရာကြီး အက်ဗက်မန့်စ်၏ The Scream အမည်ရှိ ပန်းချီကားသည် အမေရိကန်နိုင်ငံ နယူးယောက်မြို့တွင် မေ ၃ရက်ကပြုလုပ်သည့် လေလံပွဲ၌ အမေရိကန်ဒေါ်လာ ၁၁၉ ဒသမ ၉သန်းရရှိခဲ့ကြောင်း လေလံအဖွဲ့က သတင်းထုတ်ပြန်သည်။

ပန်းချီဆရာကြီး အက်ဗက်မန့်စ်သည် ခေတ်လွန်ပန်းချီများကိုရေးဆွဲလေ့ရှိသူဖြစ်ပြီး လူသားတို့၏ သရုပ်သကန်ကို မော်ဒန်ပန်းချီအစွမ်းဖြင့် ပုံဖော်ခြယ်မှုန်းသည့် ပန်းချီကားလည်းဖြစ်သည်။ **(အပေါ်ပုံ)**

ဝယ်ယူသွား

၄င်းပန်းချီကားကို ၁၈၉၅ ခုနှစ်က ရေးဆွဲခဲ့ခြင်းဖြစ်ပြီး နော်ဝေပန်းချီဆရာကြီးအက်ဗက်မန့်စ်၏ လက်ရာအမြောက်ဆုံးပန်းချီကားတစ်ချပ်လည်းဖြစ်သည်။ ယင်းပန်းချီကားကို အမည်မဖော်လိုသူတစ်ဦးနှင့် စုဆောင်းရေးအဖွဲ့တစ်ဖွဲ့က ဝယ်ယူသွားခဲ့ခြင်းဖြစ်သည်။

ယခင်က ဈေးအမြင့်ဆုံးပန်းချီကားမှာ ပန်းချီကျော် ပီကာဆို၏ Nude, Green Leaves and Bustအမည်ရှိပန်းချီကားဖြစ်ပြီး တန်ဖိုးငွေအမေရိကန် ဒေါ်လာ ၁၀၆ ဒသမ ၅သန်းရရှိခဲ့ရာ ယခုပန်းချီကားက ပိုမိုဈေးရရှိခဲ့သည်။ **(အင်တာနက်)**

Space X အာကာသကုန်တင်ယာဉ် လွှတ်တင်မှုထပ်မံရွှေ့ဆိုင်း

ဝါရှင်တန် မေ ၃

အမေရိကန်ပုဂ္ဂလိကကုမ္ပဏီမှ အာကာသသို့ မေ ၇ ရက် လွှတ်တင်ရန် စီစဉ်ထားသည့် ကုန်တင်အာကာသယာဉ် Space X အား နည်းစနစ်ပိုင်းဆိုင်ရာ စစ်ဆေးမှုများ ပြုလုပ်ရန်အတွက် လွှတ်တင်မည့်ရက် ထပ်မံရွှေ့ဆိုင်းရမည်ဖြစ်ကြောင်း မေ ၃ ရက်၌ သတင်းထုတ်ပြန်သည်။

Space X အာကာသကုန်တင်ယာဉ်၏ ပျံသန်းရေးဆိုင်ရာ နည်းစနစ်အချို့ ထပ်မံစစ်ဆေးရန်လိုအပ်သဖြင့် လွှတ်တင်မည့်ရက်ကို တတိယအကြိမ်မြောက် ရွှေ့ဆိုင်းလိုက်ရခြင်းဖြစ်သည်။ ၄င်းအာကာသယာဉ်ကို သယ်ဆောင်သွားမည့် ဖာလ်ကွန်ဒုံးပျံနှင့် ဒရာဂွန်ဒုံးပျံထိပ်ဖူးတို့မှာ ဒုံးလွှတ်စင်၌ အသင့်အနေအထားရှိနေပြီဖြစ်သော်လည်း ကုန်တင်အာကာသယာဉ်၌ ချွတ်ယွင်းချက် ဖြစ်ပေါ်နေခြင်းဖြစ်သည်။ **(ယာပုံ)**

Space X ကုန်တင်အာကာသယာဉ်ကို လာမည့် မေ ၁၀ ရက်၌ လွှတ်တင်ရန် စီစဉ်ထားပြီး နိုင်ငံတကာအာကာသယာဉ်စခန်းနှင့် မေ ၁၅ ရက်ထက် နောက်မကျဘဲ ချိတ်ဆက်နိုင်ရန် မျှော်မှန်းထားသည်။ **(အင်တာနက်)**

မလေးရှား၌ မိုးသည်းထန်ပြီးရေလွှမ်း ဒေသခံများ ဘေးလွတ်ရာပြောင်းရွှေ့ခဲ့ရ

ကွာလာလမ်ပူ မေ ၃

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့နှင့် ဆင်ခြေဖုံးအရပ်များတွင် မေ ၃ရက်နံနက်က မိုးသည်းထန်စွာရွာသွန်းခဲ့သဖြင့် **(ဝဲပုံ)**ဒေသခံ ၂၀၀ကျော်အား ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း မလေးရှားအရာရှိများက သတင်းထုတ်ပြန်သည်။

မိုးသည်းထန်မှုကြောင့် ဆီတာပတ်၊ ဂျာယာ၊ ကမ်မွန်ဆီတီရာကျေးရွာများတွင်လည်း ရေလွှမ်းခဲ့သဖြင့် မိသားစုအများအပြား ရွှေ့ပြောင်းပေးခဲ့ရသည်။ ၄င်းတို့အား အရေးပေါ်ကယ်ဆယ်ရေးစခန်းများ၌ နေရာချထားပေးလျက်ရှိသည်။ ထို့အတူ ကွာလာလမ်ပူမြို့ ဆင်ခြေဖုံးအရပ်များတွင်လည်း ကားလမ်းများရေလျှံပြီး မော်တော်ယာဉ်အချို့ နစ်မြုပ်လျက်ရှိသည်။ မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းနေမှုကြောင့် ရေလွှမ်းမှုများဆက်လက်ဖြစ်ပေါ်နိုင်ကြောင်း သတိပေးချက်ထုတ်ပြန်ခဲ့သည်။

ရေဘေးဒုက္ခကြုံတွေ့နေရသူများအား စားနပ်ရိက္ခာများဖြန့်ဝေပေးလျက်ရှိပြီး ကယ်ဆယ်ရေးလုပ်ငန်းများ အရေးပေါ်ဆောင်ရွက်ပေးလျက်ရှိသည်။ **(အင်တာနက်)**

အီရန်နှင့် လက်ဘနွန် စီးပွားရေးဆက်ဆံမှုမြှင့်တင်ရေး ကြိုးပမ်းမည်

ဘေရွတ် မေ ၃

အီရန်နှင့်လက်ဘနွန်နှစ်နိုင်ငံအကြား စီးပွားရေးဆက်ဆံမှုများတိုးတက်ရန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း နှစ်နိုင်ငံစလုံးက ပြောကြားလိုက်သည်။

လက်ဘနွန်နိုင်ငံ ဘေရွတ်မြို့တော်တွင် မေ ၁ ရက်က အီရန်လမ်းနှင့် မြို့ပြစည်ပင်သာယာရေးဝန်ကြီး အလီနီဇတ်နှင့် လက်ဘနွန်နိုင်ငံ စီးပွားရေးဝန်ကြီး နီကိုလပ်နာဟက်တို့တက်ရောက်ခဲ့သည့် ခုနစ်ကြိမ်မြောက် အီရန်-လက်ဘနွန် ပူးတွဲကော်မရှင်အစည်းအဝေးကျင်းပစဉ် **(အပေါ်ပုံ)**နှစ်နိုင်ငံဆက်ဆံရေး တိုးမြှင့်ရန်လိုအပ်ကြောင်း နှစ်ဖက်စလုံးက ထုတ်ဖော်ပြောကြားသည်။

ဤကော်မရှင်အစည်းအဝေး၏ ရည်ရွယ်ချက်မှာ အပြန်အလှန်ဆက်ဆံမှုမြှင့်တင်ရန်နှင့် လက်ဘနွန်နှင့် အီရန်အကြား လွတ်လပ်သည့်ကုန်သွယ်ရေးဇုန်ထူထောင်ရန်ဖြစ်ကြောင်း အီရန်ဝန်ကြီးအလီနီဇတ်က ပြောကြားသည်။ **(အင်တာနက်)**

အီရတ်အကြမ်းဖက်မှုများကြောင့် လစဉ်သေဆုံးမှုတွင် ဧပြီလ၌ သေဆုံးသူများပို၍တိုးလာ

ဂါဇာစီးတီး မေ ၃

အီရတ်နိုင်ငံအတွင်း ၂၀၀၃ ခုနှစ်မှစ၍ အမေရိကန်ဦးဆောင်သည့် နိုင်ငံတကာတပ်ဖွဲ့ဝင်များ ဝင်ရောက်ကျူးကျော်ပြီးကတည်းက အကြမ်းဖက်မှုကြောင့် သေဆုံးမှုများသည် ပြီးခဲ့သည့် မတ်လတွင် အသေအပျောက်အနည်းဆုံးလဖြစ်ခဲ့ပြီး ဧပြီလတွင် သေဆုံးသူဦးရေ များပြားလာခဲ့သည်ဟုဆို၏။

သိရ

အီရတ်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာနနှင့် ကာကွယ်ရေးဝန်ကြီးဌာနများက ပြုစုထားသည့် စာရင်းများအရ ဧပြီလအတွင်း အီရတ်နိုင်ငံတစ်ဝန်း အကြမ်းဖက်တိုက်ခိုက်မှုကြောင့် သေဆုံးသူဦးရေမှာ အရပ်သား ၈၈ ဦး၊ လုံခြုံရေးတပ်ဖွဲ့ဝင် ၃၈ ဦး အပါအဝင် ၁၂၆ ဦး ရှိကြောင်း သိရသည်။

မတ်လအတွင်းကမူ အရပ်သား ၇၈ ဦး၊ လုံခြုံရေးတပ်ဖွဲ့ဝင် ၃၃ ဦး စုစုပေါင်း ၁၁၂ ဦး သေဆုံးခဲ့ရသဖြင့် အမေရိကန်ဦးဆောင်ပြီး ကျူးကျော်ကတည်းက သေဆုံးသူဦးရေ လအလိုက် အနည်းဆုံးဖြစ်ခဲ့သည်။ **(အင်တာနက်)**

ဖိလစ်ပိုင်နိုင်ငံတွင် စစ်တပ်စစ်ဆေးရေးဂိတ်၌ ထရပ်ကားတစ်စီးပေါ်မှ ဖောက်ခွဲရေးပစ္စည်းများတွေ့

မနီလာ မေ ၃

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်းတွင် ထရပ်ကားတစ်စီးကို ဖိလစ်ပိုင်စစ်တပ်က ကြားဖြတ်စစ်ဆေးရာ လက်ဝဲယိမ်းပြည်သူ့စစ်တပ်သစ် (NPA) အဖွဲ့ပိုင်ဟု ယူဆဖွယ်ရှိသည့် ဗုံးများကို ရှာဖွေတွေ့ရှိကြောင်း မေ ၃ ရက်က အင်တာနက်သတင်းတစ်ရပ်တွင် ဖော်ပြသည်။

ပန်တုကန်မြို့တွင်း နေရှင်နယ်အဝေးပြေးလမ်းမကြီးတစ်နေရာရှိ စစ်တပ်စစ်ဆေးရေးဂိတ်တွင် မေ ၂ ရက်က အဆိုပါကုန်တင်ကား ဖြတ်သန်းခွင့်စစ်ဆေးရာမှ လက်လုပ်မြေမြှုပ်ဗုံး ၁၂ လုံးနှင့် ဖောက်ခွဲရေးပစ္စည်းများကို တွေ့ရှိခဲ့ကြောင်း ဗိုလ်မှူးဂျက်ကော့ အိုဘရီဂါဒိုက ပြောကြားသည်။ **(ယာပုံ)**

ထရပ်ကား မောင်းသူသည် အသက် ၃၅ နှစ်အရွယ်ရှိပြီး နာမည်မှာ အိုလီဗာဘူလိုဆာဖြစ်ကြောင်း စစ်ဆေးအတည်ပြုနိုင်ပြီး ၄င်းအား စစ်ကြောမေးမြန်းရေးအတွက် ပန်တုကန်ရဲစခန်းတွင် ထိန်းသိမ်းထားကြောင်း သတင်းတွင်ဖော်ပြသည်။ "ယခုတွေ့ရှိရတဲ့ ဗုံးလက်နက်ပစ္စည်းတွေဟာ NPA အဖွဲ့ပိုင်ပစ္စည်းတွေလို့ ထင်ပါတယ်။ ဒီဖောက်ခွဲရေးပစ္စည်းတွေကို ဘယ်နေရာမှာသုံးဖို့အတွက် သယ်ဆောင်လာတယ်ဆိုတာ အခုထိတော့ မသိရသေးပါဘူး။ ရဲဝန်ထမ်းများက ဆက်လက်စုံစမ်းစစ်ဆေးမှုများ လုပ်ဆောင်လျက်ရှိပါတယ်" ဟု ဗိုလ်မှူးဂျက်ကော့က သတင်းဌာနသို့ ပြောကြားခဲ့သည်။ **(အင်တာနက်)**

နိုင်ငံတကာသတင်းအတိုအထွာ ၃-၅-၂၀၁၂

တင်မောင်လွင်-စုစည်းသည်

ပါကစ္စတန်မြောက်ပိုင်း၌ ဘတ်စ်ကား ချောက်ထဲထိုးကျ

ပါကစ္စတန်နိုင်ငံမြောက်ပိုင်းရှိ တောင်ထူထပ်သောဒေသတွင် မတ် ၂ ရက် နံနက်အစောပိုင်းက ခရီးသည်တင်ဘတ်စ်ကားတစ်စီး ချောက်ထဲထိုးကျခဲ့ရာ အနည်းဆုံး လူ ၁၅ ဦး သေဆုံးပြီး အခြား ၂၁ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ဒေသဆိုင်ရာမီဒီယာများက သတင်းထုတ်ပြန်သည်။ အဆိုပါ မတော်တဆမှု ဖြစ်ပွားချိန်တွင် ဘတ်စ်ကားပေါ်၌ လုံခြုံရေးဝန်ထမ်း ၁၉ ဦးရှိပြီး ၄င်းတို့အထဲမှ အနည်းဆုံးဝန်ထမ်းခြောက်ဦးနှင့် အခြားခရီးသည် ကိုးဦးတို့ သေဆုံး ခဲ့ခြင်းဖြစ်ကြောင်း ဒေသတွင်းရှိ အုပ်ချုပ်ရေးရပ်သံလိုင်းက ထုတ်လွှင့်ပြသခဲ့သည်။ ယင်းခရီး သည်တင်ဘတ်စ်ကားသည် ရာဝါပင်ဒီမြို့မှ ပါကစ္စတန်မြောက်ပိုင်းရှိ ဂျီဂစ်မြို့သို့ ဦးတည်သွားစဉ် ကိုဟစ္စတန်ခရိုင်ကိုဇာကာမီလာဒေသ၌ ယင်းနေ့ဒေသစံတော်ချိန် နံနက် ၇ နာရီခန့်က ချောက်ထဲထိုးကျခဲ့ခြင်းဖြစ်သည်။ ဒေသဆိုင်ရာမီဒီယာများ၏ ပြောကြားချက်အရ အဆိုပါဘတ်စ်ကားသည် အရှိန်လွန်မှုကြောင့် ချောက်ထဲထိုးကျခဲ့သည်ဟု ဆိုသည်။

(အောက်ပုံ)

နိုင်ဂျီးရီးယားလေတပ်မှ ဂျက်တိုက်လေယာဉ် ပျက်ကျ

နိုင်ဂျီးရီးယားလေတပ်မှ F7-Ni အမည်ရှိ ထိုင်ခုံတစ်လုံးပါ ဂျက်တိုက်လေယာဉ်တစ်စင်းသည် လေ့ကျင့်ရေးပြုလုပ်စဉ် ကာဒူနာ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ခါနီး မေ ၁ ရက်က ပျက်ကျခဲ့ကြောင်း အဆိုပါလေတပ် ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။ အဆိုပါဂျက်တိုက်လေယာဉ်ပျက်ကျပြီးနောက် လေယာဉ်ပေါ်လိုက်ပါသူ လေယာဉ်မှူးမှာ အပြင်သို့ လေထီးဖြင့်ခုန်ချနိုင်ခဲ့မှုကြောင့် အသက်ဘေးမှ လွတ်မြောက်ခဲ့ကြောင်း၊ အမှတ်(၃၀၁) နိုင်ဂျီးရီးယား လေတပ်လေယာဉ် လေ့ကျင့်ပျံသန်းရေးသင်တန်းကျောင်းမှ ရှာဖွေရေးနှင့်ကယ်ဆယ်ရေးအဖွဲ့တစ်ဖွဲ့ရောက်ရှိပြီး လေယာဉ်မှူးအား ကယ်ဆယ်ရေးများပြုလုပ်ကာ ကာဒူနာဆေးရုံသို့ ပို့ဆောင်ပေးခဲ့သည်။ လေယာဉ်ပျက်ကျရသည့် အကြောင်းအရင်း ထုတ်ပြန်မှုမရှိသေးကြောင်း အဆိုပါလေတပ်မှ ပြောရေး ဆိုခွင့်ရှိသူ ဗိုလ်မှူးချုပ်ယူဆပ်အနော့တစ်က ထုတ်ပြန်ချက်တစ်ရပ်၌ ပြောကြားခဲ့သည်။ **(အင်တာနက်)**

4-5 (04).pmd 1 5/4/2012, 2:19 AM

နိုင်ငံတကာသတင်းသုတ နိုင်ငံတကာသတင်းသုတ

သမ္မတအိုဘားမား၏ အာဖဂန်စစ်ပွဲ လက်စသိမ်းခရီး

တိုး - ရေးသားသည်

အမေရိကန်သမ္မတအိုဘားမားသည် ချီကာဂို၌ကျင်းပမည့် မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့(နေတိုး) ထိပ်သီးအစည်းအဝေးမတိုင်မီ အာဖဂန်နစ္စတန်နိုင်ငံသို့ မေ ၂ရက်က ဆိုင်းမဆင့်ဗုံမဆင့် ရောက်သွားသည်။ နေတိုးထိပ်သီးအစည်းအဝေး၌ အာဖဂန်နစ္စတန်အနာဂတ်အရေး ချမှတ်ရန်အပါအဝင် တောင်အာရှငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးထောက်ခံမည့်နိုင်ငံတကာသဘောဆန္ဒကို တညီတညွတ်တည်း ရယူဆုံးဖြတ်ရန်ရှိနေသည် မဟုတ်ပါလား။

သမ္မတအိုဘားမားသည် အာဖဂန်နစ္စတန်နိုင်ငံသို့ ရောက်ရှိပြီး ခရီးရောက်မဆိုက်ပင် အာဖဂန်နစ္စတန်သမ္မတ ဟာမစ်ကာဇိုင်းနှင့် နှစ်နိုင်ငံအနာဂတ်ဆက်ဆံရေးဆိုင်ရာ မဟာဗျူဟာ ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးလိုက်သည်။

အဓိကပါဝင်

ထို့နောက် သမ္မတအိုဘားမားသည် ဘာဂရမ်လေတပ်စခန်းသို့သွားရောက်ပြီး အမေရိကန်တပ်ဖွဲ့ဝင်များနှင့်တွေ့ဆုံအမှာစကားပြောကြားသည်။ အာဖဂန်နစ္စတန်နိုင်ငံတွင် နိုင်ငံပေါင်း ၅၀ မှ တပ်ဖွဲ့ဝင်ပေါင်း ၁၃၀၀၀၀ ကျော်ရှိနေကြောင်း နေတိုးဦးဆောင်သည့် နိုင်ငံတကာလုံခြုံမှုအကူအညီပေးရေးတပ်ဖွဲ့ (အိုင်အက်စ်အေအက်ဖ်)၏ ကြေညာချက်အရ သိရသည်။ အများစုမှာ အမေရိကန်တပ်ဖွဲ့ဝင်များဖြစ်ပြီး တပ်ဖွဲ့ဝင်ဦးရေ ၉၀၀၀၀ ကျော်ရှိသည်။ ထို့ပြင် ဗြိတိန်က တပ်ဖွဲ့ဝင် ၉၅၀၀၊ ဂျာမနီက ၄၈၀၀ နှင့် ပြင်သစ်က ၃၆၀၀ ဖြင့် အဓိကပါဝင်ကြောင်း သိရသည်။

၂၀၀၁ ခုနှစ် စက်တင်ဘာ ၁၁ ရက်တွင် ကမ္ဘာ့ကုန်သွယ်ရေးဌာန(ဒဗလျူတီစီ)တည်ရှိရာ နယူးယောက်မြို့အပါအဝင် အမေရိကန်မြို့ကြီးများကို ပစ်မှတ်ထားသည့် ခရီးသည်တင်လေယာဉ်များအသုံးပြု အကြမ်းဖက်မှုများ ဖြစ်ပွားပြီးနောက် အမေရိကန်ဦးဆောင်သည့် နိုင်ငံခြားတပ်များ ၂၀၀၁ ခုနှစ်တွင် အာဖဂန်နစ္စတန်ကို ကျူးကျော်ဝင်ရောက်ချိန်မှစ၍ အာဖဂန်နစ္စတန်စစ်ပွဲစတင်ခဲ့ခြင်းဖြစ်ရာ ယခုအခါ အဆိုပါစစ်ပွဲမှာ ဆယ်စုနှစ်တစ်ခု ကြာညောင်းခဲ့ပြီဖြစ်သည်။

သမ္မတအိုဘားမား၏ ဤခရီးစဉ်သည် အကြမ်းဖက်အဖွဲ့ အယ်လ်ခိုင်ဒါခေါင်းဆောင် အိုစမာဘင်လာဒင်အား ပါကစ္စတန်နိုင်ငံ အဘော့တာဘတ်မြို့၌ အမေရိကန်ရေတပ် အထူးတပ်ဖွဲ့ဝင်များ အသေဖမ်းဆီးလိုက်သည့် တစ်နှစ်မြောက် မေ ၂ ရက်နှင့် တိုက်ဆိုင်နေသည်။ ၂၀၀၁ ခုနှစ်က စခဲ့သည့် အာဖဂန်နစ္စတန်စစ်ပွဲမှာ အမေရိကန်နိုင်ငံအတွင်းတွင် တဖြည်းဖြည်း ပို၍ပို၍ လူကြိုက်နည်းလာချိန်လည်း ဖြစ်သည်။

အရေးကြီး

ဤခရီးစဉ်သည် အာဖဂန်နစ္စတန်သမ္မတ ကာဇိုင်းနှင့် နှစ်နိုင်ငံသဘောတူစာချုပ်လက်မှတ်ရေးထိုးရန် အရေးကြီးသကဲ့သို့ အမေရိကန်သမ္မတရွေးကောက်ပွဲနှစ်အတွင်း ပြန်လည်အရွေးခံမည့် သမ္မတအိုဘားမားအဖို့ ဘာဂရမ်လေတပ်စခန်း၌ တပ်ဖွဲ့ဝင်များနှင့် တွေ့ဆုံကာ မိန့်ခွန်းပြောရသည်မှာလည်း အရေးကြီးပါသည်။

ဤတစ်ခေါက် အာဖဂန်နစ္စတန်ခရီးသည် မစ္စတာအိုဘားမားအဖို့ စတုတ္ထအကြိမ်ဖြစ်ပြီး သမ္မတအနေဖြင့်လည်းကောင်း၊ စစ်ဦးစီးချုပ်အနေဖြင့်လည်းကောင်း တတိယမြောက်ခရီးစဉ်ဖြစ်သည်ဟု သတင်းများတွင် ဖော်ပြပါရှိသည်ကို တွေ့ရသည်။ မှန်တော့မှန်ပါသည်။ သို့သော် ရှုပ်ထွေးစရာ၊ နဝေတိမ်တောင်ဖြစ်စရာရှိပါသည်။

မစ္စတာအိုဘားမားသည် သမ္မတရွေးကောက်ပွဲဝင်သည့် သမ္မတလောင်းအဖြစ် အာဖဂန်နစ္စတန်နိုင်ငံသို့ ၂၀၀၈ ခုနှစ်က ပထမဆုံးအကြိမ် ရောက်ခဲ့ဖူးသည်။ ထို့နောက် အမေရိကန်နိုင်ငံ၏ သမ္မတကြီးအဖြစ်ဖြင့် သမ္မတအိုဘားမားသည် ၂၀၁၀ ခုနှစ် မတ်လ၊ ၂၀၁၀ခုနှစ် ဒီဇင်ဘာလတို့နှင့် ယခုတတိယအကြိမ်အဖြစ် ရောက်ရှိခြင်းဖြစ်သည်။ အမေရိကန်နိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေအရ သမ္မတသည် အမေရိကန်နိုင်ငံ၏ စစ်ဦးစီးချုပ်လည်း ဖြစ်ပါသည်။

ဘာဂရမ်လေတပ်စခန်း၌ ပြောကြားသည့် သမ္မတအိုဘားမား၏ မိန့်ခွန်းကိုလည်း ကြည့်ပါဦး။

အာဖဂန်နစ္စတန်စစ်ပွဲသည် အရှေ့ပိုင်းတွင် အောင်မြင်မှုရသော်လည်း အကြောင်းကြောင်းသော အကြောင်းကြောင့် မှန်းထားသည်ထက် ပိုမိုရှည်ကြာခဲ့ကြောင်း၊ ဤအတွင်း အယ်လ်ခိုင်ဒါအကြမ်းဖက်အဖွဲ့ ထိပ်တန်းခေါင်းဆောင် ၃၀ ခန့်အနက် ၂၀ ကို ချေမှုန်းနိုင်ကြောင်း၊ ပြီးခဲ့သည့်နှစ် ဤအချိန်ကပင် အယ်လ်ခိုင်ဒါခေါင်းဆောင် အိုစမာဘင်လာဒင်ကို ပါကစ္စတန်နိုင်ငံ၌ မိမိတို့အထူးတပ်ဖွဲ့ဝင်များက အပြီးချေမှုန်းလိုက်ကြောင်း၊ သို့တိုင် မိမိတို့အနေဖြင့် အနာဂတ်တွင် ပန်းခင်းသောလမ်း မဟုတ်သေးကြောင်း၊ သို့သော် ယနေ့ည ပြောကြားလိုသည့်အချက်မှာ မိမိတို့ အာဖဂန်နစ္စတန်၌ စခဲ့သည့်စစ်ပွဲကို အာဖဂန်နစ္စတန်၌ မည်သို့ အဆုံးသတ်မည်ဆိုသည်ကို အဓိကပြောလိုကြောင်း။

ပထမအချက်မှာ အာဖဂန်နစ္စတန်လုံခြုံရေးကို အာဖဂန်နစ္စတန် ကိုယ်တိုင်တာဝန်ယူသည့် အသွင်ကူးပြောင်းမှုတစ်ရပ် စတင်ခဲ့ပြီဖြစ်ကြောင်း၊ ဒုတိယအချက်မှာ အာဖဂန်နစ္စတန်လုံခြုံရေးတပ်ဖွဲ့ဝင်များကို မိမိတို့ သင်တန်းပေးလေ့ကျင့်ပေးလျက်ရှိကြောင်း၊ တတိယအချက်မှာ အနာဂတ်အတွက် မဟာဗျူဟာမြောက် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးကို ယနေ့လက်မှတ်ရေးထိုးခြင်းဖြစ်ကြောင်း၊ မိမိတို့သည် အာဖဂန်နစ္စတန်ပြည်သူတို့၏ ဂုဏ်သိက္ခာနှင့် ဆက်လက်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အာဖဂန်နစ္စတန်နိုင်ငံ၏ ကြိုးပမ်းမှုကို ဤစာချုပ်က အထောက်အကူပြုမည် ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ဤနိုင်ငံတွင် ထာဝစဉ်တပ်စွဲမထားသည့်အပြင် မြို့ရွာတောတောင်များ၌ ကင်းလှည့်စောင့်ကြပ်ပေးမည်မဟုတ်ကြောင်း၊ ထိုတာဝန်မှာ အာဖဂန်နစ္စတန်ပြည်သူတို့၏ တာဝန်သာဖြစ်ကြောင်း၊ စတုတ္ထအချက်မှာ မိမိတို့သည် ငြိမ်းချမ်းရေးကို စေ့စပ်ဆွေးနွေးထူထောင်သွားမည်ဖြစ်ကြောင်း၊ တာလီဘန်တို့နှင့် တိုက်ရိုက်ဆွေးနွေးနေကြောင်း၊ တာလီဘန်တို့က အယ်လ်ခိုင်ဒါအကြမ်းဖက်အဖွဲ့နှင့် အဆက်ဖြတ်ပြီး အကြမ်းဖက်မှုကို စွန့်လွှတ်ကာ အာဖဂန်နစ္စတန်တရားဥပဒေကို လေးစားလိုက်နာမည်ဆိုလျှင် အာဖဂန်နစ္စတန်အနာဂတ်အရေးတွင် ပါဝင်နိုင်ကြောင်း၊ မိမိတို့က အတိအလင်း ကြေညာထားကြောင်း၊ ပဉ္စမအချက်အနေဖြင့် တောင်အာရှဒေသ ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးထောက်ခံအားပေးမည့် အစီအစဉ်တစ်ရပ်ကို မိမိတို့ ကြိုးပမ်းလျက်ရှိကြောင်း သမ္မတအိုဘားမားက ပြောကြားလိုက်သည်။

အာဖဂန်နစ္စတန်နှင့်ပတ်သက်၍ မိမိတို့ရည်ရွယ်ချက်မှာ ဤနိုင်ငံကို အမေရိကန်ပုံစံတည်ဆောက်ရန် မဟုတ်သလို တာလီဘန် အကြွင်းအကျန်ကိုပင်ထားလိုသည့် ဆန္ဒလည်းမရှိကြောင်း၊ အယ်လ်ခိုင်ဒါအဖွဲ့ကို ချေမှုန်းရေးမှာ မိမိတို့၏ ရည်မှန်းချက်ဖြစ်ကြောင်း၊ မည်သည့်အတွက် ဤနိုင်ငံမှ ချက်ချင်းမထွက်ရသလဲဟူမူ အာဖဂန်နစ္စတန်နိုင်ငံကို တည်ငြိမ်အောင် ထိန်းသိမ်းတတ်ခွင့်ပေးရမည်ဖြစ်ကြောင်း၊ သို့မဟုတ်ပါက ရရှိထားသည့် အောင်မြင်မှုများ ဆုံးရှုံးသွားနိုင်ပြီး အယ်လ်ခိုင်ဒါတို့ခေါင်းထောင်လာနိုင်ကြောင်း၊ ထို့အပြင် စစ်ဦးစီးချုပ်အနေဖြင့် မိမိက ထိုသို့အဖြစ်မခံနိုင်ကြောင်း၊ အမေရိကန်ပြည်သူအများစုအနေဖြင့် စစ်ကိုငြီးငွေ့သည်ကို မိမိသဘောပေါက်ပါကြောင်း၊ သမ္မတအနေဖြင့် မိမိက ကျဆုံးသွားသောရဲဘော်များ၏ မိသားစုထံဝမ်းနည်းကြောင်း သဝဏ်လွှာပို့ကာ မိတဆိုး၊ ဖတဆိုးကလေးငယ်များ၏ မျက်ဝန်းထဲကြေကွဲစွာကြည့်ပြီး စစ်ပွဲကို ထပ်မံအချိန်ဆွဲမထားလိုကြောင်း၊ မိမိတို့ အမျိုးသားလုံခြုံရေးအတွက်လိုအပ်သည်ထက် ပိုပြီး တစ်ရက်တစ်နံနက်မျှ အမေရိကန်ပြည်သူများကို အန္တရာယ် စက်ဝန်းအတွင်း ပို့မထားလိုပါကြောင်း၊ ထို့အပြင် ဆယ်စုနှစ်တစ်စုကြာ ပြည်တွင်းစီးပွားရေးအကျပ်အတည်း၊ ပြည်ပပဋိပက္ခမှ မိမိတို့ဖြတ်သန်းလာခဲ့ပြီးနောက် နိုင်ငံသစ်ကိုတည်ဆောက်ရမည့်အချိန်သို့ ရောက်လာပြီဖြစ်သဖြင့် အနာဂတ်တွင် စည်းလုံးသည့်ပြည်သူ၊ စည်းလုံးသည့်နိုင်ငံအဖြစ် တည်ဆောက်ကြပါစို့ဟူ၍ ပြောကြားလိုက်သည်။

အသိပေးလိုက်

မိမိတို့အာဖဂန်နစ္စတန်၌ စတင်ခဲ့သည့်စစ်ပွဲကို အာဖဂန်နစ္စတန်၌ပင် အဆုံးသတ်ကြရမည်ဖြစ်ကြောင်း သမ္မတအိုဘားမားက အမေရိကန်ပြည်သူတို့နှင့်တကွကမ္ဘာသို့အသိပေးလိုက်ခြင်း ဖြစ်သည်။

ဤမိန့်ခွန်းသည် စစ်ဦးစီးချုပ်အဖြစ်သာမက အမေရိကန်နိုင်ငံသမ္မတအဖြစ်ဖြင့်ပါ သမ္မတအိုဘားမားက နိုင်ငံတော်အခြေပြု မိန့်ခွန်းပြောကြားခြင်းဖြစ်သည်ဟု ထင်မြင်ပါကြောင်း။ ။

ကိုးကား-အင်တာနက်

◆ ရှေ့ဖုံးမှ

မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဦးတင်မိုးက မြန်မာ့အလင်းသတင်းအဖွဲ့နှင့် တွေ့ဆုံခိုက် "ပြည်သူတွေကို ကူညီဖို့ တာဝန်ဟာ ကျွန်တော်တို့ပခုံးထက်မှာ အမြဲရှိနေပါတယ်။ ပြောင်းလဲမှုမြန်ဆန်တဲ့ ခေတ်ကြီးမှာ အတိတ်က အတွေ့အကြုံတွေကို သင်ခန်းစာအဖြစ်မှတ်ယူပြီး၊ အနာဂတ်စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းသွားမှာ ဖြစ်ပါတယ်။ ဒါ့ကြောင့် ကျွန်တော်တို့မီးသတ်တပ်ဖွဲ့ဝင်တိုင်းဟာ လက်တွေ့ကျတဲ့ စီမံချက်များနဲ့ အစဉ်လေ့ကျင့်လျက်ရှိပြီး ရပ်ရွာအခြေပြု လူ့အဖွဲ့အစည်း ဖြစ်လာနိုင်ရေးအတွက် တပ်ဖွဲ့ဝင်တိုင်းကို စွမ်းရည်မြှင့်သွားပါ့မယ်" ဟုဆိုခဲ့ပါသည်။

ယခုအခါ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့၌ ခေတ်မီကိရိယာများ တပ်ဆင်ကာ ဆောင်ရွက်လျက်ရှိနေသည်။ စမ်းသပ်မှုအဖြစ် မီးသတ်စခန်း ၁၀ ခုမှ မီးသတ်ကား တစ်စီးစီ၌ Me will phone စနစ်များ တပ်ဆင်ပေးပြီးဖြစ်သည်။ မီးလောင်ပြင်တည်ရာသို့ အမြန်ရောက်နိုင်ရေး လမ်းကြောင်း၊ မီးသတ်ယာဉ် ဝင်ထွက်မှုလမ်းကြောင်း၊ ရေရရှိနိုင်မည့်နေရာ၊ ဆေးရုံစသည့်နေရာများပြသသည့် စနစ်ပါရှိသည့်အတွက် "မြန်မြန်သိ မြန်မြန်သွား၊ မြန်မြန်ငြိမ်းသတ်နိုင်သည်အထိ လက်တွေ့ကျကျ ဆောင်ရွက်လာနိုင်ခဲ့ကြောင်း၊ ထိုထက်ပို၍ အဆင့်မြင့်သောစနစ်များ တပ်ဆင်အသုံးပြုနိုင်ရေးအတွက် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်" ဟုလည်း ရှင်းပြ၍ သိခဲ့ရသည်။

ယခုနောက်ပိုင်း၌ မီးလောင်ဆုံးရှုံးမှု အများဆုံးမှာ ဈေးများပင်ဖြစ်ပါသည်။ ဈေးများသည် မီးလောင်မှုကို အားပေးသော လောင်စာများအများဆုံး သိုလှောင်ရာ ဖြစ်သည်။

ထို့အပြင် ဈေးများမီးလောင်ရာ၌ နေ့ပိုင်းမီးလောင်မှုထက် ညပိုင်းလူမရှိခိုက် မီးလောင်မှုဖြစ်ပွားနှုန်းပိုများခဲ့သည်ဟုလည်း ဆိုသည်။

ဈေးပိတ်ခါနီး မီးဘေးအန္တရာယ်နှိုးဆော်မှုမှာ အဓိကအရေးပါလှသည်။ အသုံးပြုခဲ့သော လျှပ်စစ်နှင့်အခြားသော မီးကြွင်းမီးကျန်များကို သေချာစွာ စိတ်ချရသည်အထိ ငြိမ်းသတ်ရန်လိုသည်။

ဈေးများ၌ လောင်စာပစ္စည်းများ သိုလှောင်ထားမှုလျှော့ချရန် လိုအပ်သကဲ့သို့ မီးငြိမ်းသတ်ရေးအစီအမံများ၊ မီးငြိမ်းသတ်ရေးကိရိယာများ ထားရှိဖို့လိုအပ်သည်။ ထို့အပြင် မီးလောင်မှုဖြစ်လာပါက မကြောက်မရွံ့ဘဲ လျင်မြန်စွာငြိမ်းသတ်နိုင်ရေးအတွက် ပွဲမဝင်ခင်အပြင်ကကျင်းပဆိုသကဲ့သို့ သရုပ်ပြမှုများ မကြာခဏ ပြုလုပ်သင့်ကြောင်းကိုလည်း အကြံပြုပြောကြားခဲ့သည်။

မီးသတ်ညွှန်ကြားရေးမှူးချုပ်ကပင် "ပြည်သူတွေအနေနဲ့ မီးဘေးကြိုတင်ကာကွယ်ရေးတွေမှာ ပင်ကိုနိုးကြားတဲ့ အသိစိတ်ဓာတ်များနဲ့ ပူးပေါင်းဆောင်ရွက်ဖို့ လိုအပ်ပါတယ်။

မီးငြိမ်းသတ်ရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ တုံ့ပြန်ဆောင်ရွက်ရေး လုပ်ငန်းတွေမှာ ဝိုင်းဝန်းဆောင်ရွက်ကြဖို့လိုပါတယ်။ လိုအပ်တဲ့ အကူအညီတွေကိုလည်း ဥပဒေနဲ့အညီပေးဖို့ကိုလည်း အသင့်ရှိနေပါတယ်။ မီးသတ်လုပ်ငန်းဟာ လူတိုင်းနဲ့ သက်ဆိုင်ပါတယ်။ လူတစ်ယောက်ချင်းမှသည် အများသူငါအားလုံး မီးကို ဂရုတစိုက် သုံးစွဲမှသာ မီးလောင်မှုတွေလျှော့နည်း ကျဆင်းလာမှာပါ"ဟု နှုတ်ဆက်ရင်းဆိုခဲ့သည်။

မြန်မာ့အလင်းသတင်းအဖွဲ့လည်း ထိုမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ရဲဗလ ဦးကိုကိုလှိုင် ရုံးခန်းဆီသို့ လှမ်းခဲ့ကြသည်။

ဒုတိယညွှန်ကြားရေးမှူးချုပ်က "မီးစလောင်ပြီဟေ့ဆိုတာနဲ့ အနီးစပ်ဆုံးသူက မီးသတ်ကိုအမြန်ဆုံးအကြောင်းကြားဖို့လိုပါတယ်။ ကြိတ်ပြီးငြိမ်းသတ်တဲ့ အလေ့အကျင့်ကို ဖျောက်ဖို့လိုပါတယ်။ မီးသတ်ကားတွေလာရင်လည်း ဝိုင်းအုံကြည့်မနေကြဘဲ မီးလောင်ရာနေရာနဲ့ အနီးဆုံးလမ်းကြောင်းကို ညွှန်ပြပေးဖို့လိုပါတယ်။ ဒါမှ လောင်နေတဲ့မီးကို အမြန်ဆုံးငြိမ်းသတ်နိုင်မှာပါ။ အကူအညီပေးရာလည်း ရောက်ပါတယ်" ဟု ဦးစွာ စကားဆိုခဲ့သည်။

အမှန်တကယ်မူ မီးသတ်ကားတစ်စီးသည် မီးငြိမ်းသတ်နိုင်ရေးအတွက် ရေဂါလန် ၈၀၀ မှ ၁၂၀၀ အထိသာ ဆံ့ပါတယ်။ လက်တွေ့ငြိမ်းသတ်ပါက အချိန် သုံးမိနစ်မှ လေးမိနစ်အတွင်းသာ ပက်ဖျန်းနိုင်ပါတယ်။

သို့အတွက် နောက်က ပံ့ပိုးပေးနိုင်မည့် ရေကားများလိုအပ်ပါသည်။ရေဖြည့်ရန်အတွက် အနီးအဝေးအလိုက် အချိန်ကြာလင့်တတ်ပါသည်။ မြို့နယ်တိုင်း ရေဂါလန် ၅၀၀၀ ဆံ့ရေလှောင်ကန်များ တစ်ခုထက်မက ထားသင့်ကြောင်းကိုလည်း အသိပေးပြောကြားခဲ့သည်။

ယနေ့ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့သည် မီးငြိမ်းသတ်ရေးတာဝန်သာမက "မီးဘေးရှောင်၊ မလောင်ခင်တား" ဆိုသည့်စကားနှင့်အညီ "မီးသတိမူရေး"၊ "မီးဘေးကြိုတင်ကာကွယ်ရေး" သဘာဝဘေးတို့၌ ကယ်ဆယ်ရေးလုပ်ငန်းများကိုပါ သမိုင်းပေးတာဝန်တစ်ရပ်အဖြစ် ဆောင်ရွက်နေရသော အဖွဲ့အစည်းဖြစ်ပါသည်။

ပူးပေါင်းဆောင်ရွက်

ပြည်သူတို့အနေဖြင့် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဥပဒေနှင့်အညီ အစစ်ဆေးခံကြပါ။ အကြံပြုချက်များကို တောင်းခံကြပါ။ လက်တွေ့မီးငြိမ်းသတ်ရေးနှင့် ဟောပြောပွဲများ ပြုလုပ်သည့်အခါ စိတ်ဝင်တစား ပူးပေါင်းဆောင်ရွက်ကြပါ။ လေ့လာကြပါဟု ဆိုခဲ့ပါသည်။

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့သည် ခေတ်မီ မီးသတ်အသွင်ဖြင့် စက္ကန့်မလပ် ထမ်းဆောင်လျက်ရှိနေသည်။ထို့ကြောင့် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကိုကိုလှိုင်ကပင် "မီးလောင်မှုအန္တရာယ်ပဲဖြစ်ဖြစ်၊ အခြားဘေးအန္တရာယ်ပဲ ဖြစ်ဖြစ် ကျရောက်လာရင် နှောင့်နှေးကြန့်ကြာမှုတွေ မဖြစ်ရလေအောင် ထိရောက်စွာငြိမ်းသတ်ကယ်ဆယ်နိုင်ရေးအတွက် ပြည်သူအများကပါ ကျွန်တော်တို့ မီးသတ်တပ်ဖွဲ့ဝင်များကို အကူအညီ ပေးကြပါ။ ဝိုင်းဝန်းကူညီ လက်တွဲခြင်းဖြင့် မီးဘေးအန္တရာယ်ကို ကြိုတင်ကာကွယ်ကြပါ။ သဘာဝဘေးအန္တရာယ်များကို အနိုင်ရယူကြပါ" ဆိုစကားဖြင့် အဆုံးသတ်လျက် **(၆၆)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့**အား ဂုဏ်ပြုကြိုဆိုလိုက်ရပါသည်။ ။

မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ကြစဉ်။

ထိုင်းနိုင်ငံတွင်ရောက်ရှိနေသော ရတနာပုံအသင်း ဖူးခက် F.C ကို သရေကစား

သတင်းနှင့်ဓာတ်ပုံ-စိုးညွန့် (ခေတ္တ-ဖူးခက်)

ဖူးခက် မေ ၃

၂၀၁၂ MNL အမှတ်ပေးပြိုင်ပွဲ ဒုတိယအကျော့အတွက် ကြိုတင်ပြင်ဆင်မှုအနေဖြင့် ထိုင်းနိုင်ငံတွင် ခြေစမ်းပွဲများ သွားရောက်ကစားနေသော ရတနာပုံအသင်းသည် ဒုတိယခြေစမ်းပွဲအဖြစ် မေ ၂ ရက် ဒေသစံတော်ချိန် ညနေ ၆ နာရီက ဖူးခက်မြို့ရှိ Surakul ကွင်းတွင် ဖူးခက် F.C နှင့် ခြေစမ်းကစားခဲ့ရာ ဂိုးမရှိ သရေကျသွားသည်။ **(ယာပုံ)**

ရတနာပုံအသင်းသည် ပိုင်စိုး၊ အောင်မြင့်အေး၊ ကျော်ခိုင်ဝင်း၊ ယဉ်မင်းအောင် (ဂိုး)တို့ဦးဆောင်၍ အသစ်ခေါ်ယူစမ်းသပ်နေသော နိုင်ငံခြားသား ကစားသမားများဖြစ်သော ချီချန်ကို၊ တိုနီ၊ မာလွန်တို့ကို အသုံးပြုကစားသွားခဲ့သည်။ ရတနာပုံအသင်းနှင့် ဖူးခက်အသင်းတို့မှာ အပြန်အလှန်ကစားကာ ဂိုးမရှိသရေကျခဲ့ခြင်း ဖြစ်သည်။ယခုရာသီဝက်အပြောင်းအရွှေ့ကာလတွင် ရတနာပုံအသင်းသည် နိုင်ငံခြားသားကစားသမားများကို အပြောင်းအလဲပြုလုပ်ရန် စီစဉ်နေပြီး အမေရိကန် တစ်ဦး၊ အာဖရိကကစားသမား သုံးဦးကို စမ်းသပ်နေကြောင်း သိရသည်။

(မြန်မာ့အလင်း)

▲ ကျောဖုံးမှ

ကုန်ကြမ်းပစ္စည်းနေရာတွင် ပလတ်စတစ်စွန့်ပစ်ပစ္စည်းများကို အသုံးပြုခြင်းဖြစ်သည်။ ထိုသို့ပလတ်စတစ်မှ လောင်စာဆီထုတ်ယူရာတွင် ထွက်ပေါ်လာသော ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့များကို ဘေးထွက်ဆိုးကျိုးအဖြစ် မဖြစ်ပေါ်စေရန် ထိန်းချုပ်မှုစနစ်များလည်း ထည့်သွင်းအသုံးပြုထားသည်။

မောင်းနှင်ပျံသန်း

ကမ္ဘာပေါ်တွင် လူဦးရေ ခုနစ်ဘီလီယံခန့်ရှိနေရာ တစ်ဘီလီယံခန့် လေယာဉ် စီးနင်းလျက်ရှိသဖြင့် လောင်စာဆီထုတ်ယူမှု အရင်းအမြစ်သစ်များ ရှာဖွေထုတ်ယူခြင်း နည်းလမ်းသစ်အဖြစ် ပလတ်စတစ်မှ လောင်စာဆီထုတ်ယူကာ လေယာဉ်စမ်းသပ် မောင်းနှင်ပျံသန်းခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရာတွင် စာနယ်ဇင်းများက စစ်မှန်သည့် စတုတ္ထမဏ္ဍိုင်အဖြစ်ပါဝင်ရန် အရေးကြီး လွတ်လပ်မှုနှင့် တာဝန်ယူမှု၊ လွတ်လပ်မှုနှင့် ဆင်ခြင်တုံတရားတို့ကို အမြဲတမ်းယှဉ်တွဲကျင့်သုံးသွားရန်လိုအပ် အနာဂတ်ကာလတွင် မြန်မာ့မီဒီယာလောက ပိုမိုတိုးတက်ကောင်းမွန်အောင် နိုင်ငံတော်အစိုးရနှင့် ပူးပေါင်းဆောင်ရွက်

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းကိုယ်စား ဒုတိယဝန်ကြီး ဦးစိုးဝင်း " World Press Freedom Day- 2012" အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ရန်ကုန် မေ ၃

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ (UNESCO) တို့ ပူးပေါင်းကျင်းပသည့် "World Press Freedom Day 2012" အခမ်းအနားကို "Challemges to Media in a new Environment" ခေါင်းစဉ်ဖြင့် ယနေ့ နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ ဆိပ်ကမ်းသာလမ်းရှိ ကမ်းနားဟိုတယ်ခန်းမ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းကိုယ်စား ဒုတိယဝန်ကြီး ဦးစိုးဝင်း တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ ပြည်သူ့လွှတ်တော် အားကစား၊ ယဉ်ကျေးမှုနှင့် ပြည်သူ့ဆက်ဆံရေးဖွံ့ဖြိုးတိုးတက်မှု ကော်မတီဥက္ကဋ္ဌ သူရဦးအေးမြင့်၊ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်း၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများနှင့် တာဝန်ရှိသူများ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနတို့မှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ ပြည်တွင်းပြည်ပ သတင်းထောက်များနှင့်ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းကိုယ်စား ဒုတိယဝန်ကြီး ဦးစိုးဝင်းက အဖွင့်အမှာစကားပြောကြားရာ၌ ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် စာနယ်ဇင်းလွတ်လပ်ခွင့်များကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ကျင့်သုံးနိုင်ရန် လိုအပ်သည့် ပုံနှိပ်မီဒီယာဆိုင်ရာ ဥပဒေကြမ်းတစ်ခုကို ပြင်ဆင်ရေးဆွဲလျက်ရှိကြောင်း၊ ယခုဆိုလျှင် ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ အကြံပြုချက်များ၊ ယူနက်စကိုအဖွဲ့မှ ပညာရှင်များ၏ အကြံပြုချက်များနှင့် ပြီးခဲ့သည့် မတ်လအတွင်း ကျင်းပခဲ့သည့် မီဒီယာကွန်ဖရင့်က ရရှိသည့် အကြံပြုချက်များအပေါ် မူတည်ပြီး ဒုတိယမူကြမ်းကို ဧပြီ ၂၃ ရက်တွင် ပြည်ထောင်စုရှေ့နေချုပ်ရုံးကို ထပ်မံတင်ပြထားပြီး ဖြစ်ကြောင်း၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ အကြံပြုချက်များရရှိပါက ထပ်မံပြင်ဆင်ပြီး လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်ကာ အနီးဆုံး ပြည်ထောင်စုလွှတ်တော် အစည်းအဝေးကို တင်ပြအတည်ပြုချက်ရယူသွားမည်ဖြစ်ကြောင်း၊ ယင်းကဲ့သို့ပင် ရုပ်သံလွှင့်မီဒီယာ ဥပဒေကြမ်းတစ်ခုကိုလည်း ရေးဆွဲနိုင်ရန်အတွက် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် စာနယ်ဇင်းလွတ်လပ်ခွင့်အတွက် ဆောင်ရွက်ရာတွင် လွတ်လပ်စွာ သတင်းရေးသားခွင့်သာမက စာနယ်ဇင်းသမားများအနေဖြင့် သတင်းအချက်အလက်များ ရယူရာတွင် လိုအပ်သည့် အကူအညီများကိုပေးရန်လည်း ရည်ရွယ်ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ကြောင့် ယခုရေးဆွဲနေသည့် ပုံနှိပ်မီဒီယာ ဥပဒေမူကြမ်းတွင် သတင်းအချက်အလက်များရယူခွင့် (Access to Information) ကို အထောက်အကူဖြစ်စေမည့်အချက်များ ထည့်သွင်းရေးဆွဲထားပြီးဖြစ်ကြောင်း၊ ထို့အပြင် စာနယ်ဇင်းသမားများ၏ လုပ်ငန်းဆောင်ရွက်မှုများ၊ ကျင့်ဝတ်နှင့်အတတ်ပညာဖွံ့ဖြိုးတိုးတက်မှုများ၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးများကို အထောက်အကူပြုနိုင်ရန်အတွက် လွတ်လပ်သည့် စာနယ်ဇင်းကောင်စီတစ်ခု ဖွဲ့စည်းနိုင်ရန် လိုအပ်သည့်အချက်များကိုလည်း ပုံနှိပ်မီဒီယာမူကြမ်းတွင် ထည့်သွင်းရေးဆွဲထားပြီး ဖြစ်ကြောင်း၊ တစ်ဖက်ကလည်း စာနယ်ဇင်းသမားများအနေဖြင့် မိမိတို့ အကျိုးစီးပွားကို စုစည်း အကောင်အထည်ဖော်နိုင်ရန်အတွက် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ကြီးကို ဒီမိုကရေစီစနစ်နှင့်အညီ လွတ်လပ်သည့် မြန်မာနိုင်ငံသတင်းစာဆရာများအသင်းနှင့် မြန်မာစာရေးဆရာအသင်းအဖြစ် ပြန်လည်ဖွဲ့စည်းနိုင်ရန်အတွက် လိုအပ်သည့် အကူအညီများ ပေးအပ်လျက်ရှိကြောင်း။

ထို့အပြင် Online Media များသည်လည်း စာနယ်ဇင်းများ၊ ရုပ်သံမီဒီယာများနည်းတူ သတင်းအချက်အလက်များ ဖြန့်ဝေရာနေရာများ ဖြစ်လာနေသည့်အတွက် ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် Online Media များကိုလည်း သမားရိုးကျ မီဒီယာများ (Traditional Media) နည်းတူ သတ်မှတ်ပြီး စာနယ်ဇင်းသမားများ၏ ရပိုင်ခွင့်များခံစားနိုင်ရန်အတွက်လည်း စဉ်းစားဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ကြောင့် ပုံနှိပ်မီဒီယာ ဥပဒေတွင် သတင်းအေဂျင်စီထူထောင်ပြီး Online မှ သတင်းအချက်အလက်များ ဖြန့်ဝေလိုပါက စနစ်တကျမှတ်ပုံတင်ပြီး ဆောင်ရွက်ခွင့်ရရှိစေရန်၊ Online Journalist များသည်လည်း ကျန်စာနယ်ဇင်းသမားများနှင့် တန်းတူရပိုင်ခွင့်များ၊ အကာအကွယ်များ၊ ကျင့်ဝတ်များ ရရှိကျင့်သုံးနိုင်စေရန် စဉ်းစားဆောင်ရွက်ထားကြောင်း၊ ထို့ကြောင့် အနာဂတ်တွင် မြန်မာနိုင်ငံ၏ မီဒီယာလောကသည် လွတ်လပ်မှုနှင့် တာဝန်သိမှုကို ဟန်ချက်ညီညီကျင့်သုံးနိုင်သည့် စစ်မှန်သော စတုတ္ထမဏ္ဍိုင်အဖြစ် ပေါ်ပေါက်လာတော့မည်ဖြစ်ကြောင်း။

မိမိတို့အနေဖြင့် စာနယ်ဇင်းလွတ်လပ်ခွင့်ကို အလေးထားပြောကြားနေသကဲ့သို့ တစ်ဖက်ကလည်း စာနယ်ဇင်းများက ဖော်ပြနေသည့် သတင်းအချက်အလက်များ၏ အရည်အသွေးမြင့်မားရေးကိုလည်း မျက်ခြည်မပြတ်ရန် လိုကြောင်း၊ ယနေ့အချိန်ကာလတွင် သတင်းအချက်အလက် များပြားခြင်းသည်လည်း ပြဿနာတစ်ခုဖြစ်လာနေသည်ကို တွေ့ရကြောင်း၊ ထို့ကြောင့် မြန်မာ့မီဒီယာလောက ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ သတင်းအချက်အလက်များ၏ အရည်အသွေးမြင့်မားရေးသည်လည်း ပိုပြီး အရေးကြီးလာကြောင်း၊ အထူးသဖြင့် ဒီမိုကရေစီအသွင်ကူးပြောင်းရေးနှင့် နိုင်ငံတည်ဆောက်ရေး ဖော်ဆောင်နေသည့်အချိန်တွင် စာနယ်ဇင်းများအနေဖြင့် နိုင်ငံ့ရေးရာများနှင့်ပတ်သက်ပြီး ဘက်မလိုက်ဘဲ ဓမ္မဓိဋ္ဌာန်ကျကျ တင်ပြနိုင်ရန်၊ အရေးကိစ္စအားလုံးကို ဘက်စုံထောင့်စုံက သုံးသပ်တင်ပြရန်၊ သတင်းအချက်အလက်များကို ထိမ်ချန်ခြင်းမပြုရန် အလွန်အရေးကြီးကြောင်း။

ထို့အတူပင် လွတ်လပ်မှုနှင့် တာဝန်ယူမှု၊ လွတ်လပ်မှုနှင့် ဆင်ခြင်တုံတရားတို့ကို အမြဲတမ်း ယှဉ်တွဲကျင့်သုံးသွားရန်လည်းလိုကြောင်း၊ ထို့အပြင် စာနယ်ဇင်းများအနေဖြင့် မတူကွဲပြားသည့်အမြင်များ၊ သဘောထားများကို တင်ပြခွင့်ရှိသကဲ့သို့ အမျိုးသားအကျိုးစီးပွားကို အခြေခံသည့် ညီညွတ်မှုလည်းရှိရန် လိုကြောင်း၊ ယနေ့ မြန်မာနိုင်ငံအတွက် အရေးအကြီးဆုံးဖြစ်သည့် စစ်မှန်သည့် ဒီမိုကရေစီစနစ်ပေါ်ပေါက်ရေး၊ ဒီမိုကရေစီကျင့်စဉ်များကို အနှစ်သာရရှိရှိ မှန်မှန်ကန်ကန် ကျင့်သုံးနိုင်ရေး၊ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု တည်ဆောက်ရေးတို့သည် မိမိတို့အားလုံး ရပ်တည်ရမည့် ဘုံရပ်တည်ချက်၊ တစ်နည်းအားဖြင့် အမျိုးသား အကျိုးစီးပွားများပင် ဖြစ်ကြောင်း၊ ထို့ကြောင့် စာနယ်ဇင်းသမားများအနေဖြင့် အမျိုးသားအကျိုးစီးပွားအခြေခံပေါ်တွင် ရပ်တည်ပြီး စတုတ္ထမဏ္ဍိုင်အဖြစ် ရပ်တည်ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ကြောင်း၊ နှစ်စဉ်နှစ်တိုင်း မေ ၃ ရက်၌ ကမ္ဘာ့စာနယ်ဇင်းလွတ်လပ်ခွင့်နေ့ အခမ်းအနားကျင်းပခြင်းသည် မိမိတို့အားလုံး စာနယ်ဇင်းလွတ်လပ်ခွင့်၏ အရေးပါမှုနှင့် စာနယ်ဇင်းသမားများအား ကာကွယ်စောင့်ရှောက်ရန်လိုအပ်ချက်ကို အမှတ်ရစေရန်ပင် ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၌လည်း နိုင်ငံတော်သမ္မတကိုယ်တိုင်က ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရာတွင် စာနယ်ဇင်းများက စစ်မှန်သည့် စတုတ္ထမဏ္ဍိုင်အဖြစ် ပါဝင်ရန် အရေးကြီးကြောင်းကို အကြိမ်များစွာ အသိအမှတ်ပြု ပြောကြားခဲ့ပြီးဖြစ်ကြောင်း။

သို့ရာတွင် စာနယ်ဇင်းများ၏ လွတ်လပ်မှုက အရေးကြီးသကဲ့သို့ တစ်ဖက်တွင်လည်း စာနယ်ဇင်းလွတ်လပ်ခွင့် တစ်ခုတည်းနှင့် မပြည့်စုံသေးဘဲ လွတ်လပ်ခွင့်များနှင့်အတူ ယှဉ်တွဲကျင့်သုံးရမည့် ကျင့်ဝတ်ဆိုင်ရာ တန်ဖိုးများ၊ စာနယ်ဇင်းလွတ်လပ်ခွင့်ကို မှန်မှန်ကန်ကန်ကျင့်သုံးနိုင်ရန် လိုအပ်သည့် ဥပဒေကြောင်းဆိုင်ရာ ပတ်ဝန်းကျင်များရှိလာအောင် ဖြည့်ဆည်းပေးရန် လိုအပ်မည်ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ယင်းအခြေအနေများအားလုံး ပြည့်စုံအောင် ဖြည့်ဆည်းပေးနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ကြောင့် ပြန်ကြားရေးဝန်ကြီးဌာနက ပြင်ဆင်ရေးဆွဲနေသည့် မီဒီယာဥပဒေများသည် ဝင်းဟုတ်ခ်ကြေညာချက်၊ ယူနက်စကိုအဖွဲ့ကြီး၏ မီဒီယာဖွံ့ဖြိုးမှုဆိုင်ရာ အညွှန်းကိန်းများအပါအဝင် နိုင်ငံတကာအခြေခံမှုများကို အခြေခံပြီး မိမိနိုင်ငံ၏ ပကတိအရှိတရားနှင့် ကိုက်ညီအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

သို့ရာတွင် ယင်းတာဝန်များကို အစိုးရတစ်ဖွဲ့တည်းက လုပ်ဆောင်၍ မရနိုင်ကြောင်း၊ စာနယ်ဇင်းသမားများ ကိုယ်တိုင်က ပါဝင်ဆောင်ရွက်ရန် လိုသကဲ့သို့ မိမိတို့နိုင်ငံ၌ လိုအပ်နေသည့် နည်းပညာဆိုင်ရာ၊ အတတ်ပညာဆိုင်ရာ အကူအညီများကိုလည်း နိုင်ငံတကာက ဝိုင်းဝန်းပံ့ပိုးဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ ထို့ကြောင့် ယနေ့ကမ္ဘာ့စာနယ်ဇင်း လွတ်လပ်ခွင့်နေ့အခမ်းအနားတွင် ပြည်တွင်းစာနယ်ဇင်းသမားများနှင့် နိုင်ငံတကာအသိုက်အဝန်းက မြန်မာနိုင်ငံ၏ မီဒီယာဖွံ့ဖြိုးတိုးတက်မှု၊ ပြုပြင်ပြောင်းလဲမှုများကို အသိအမှတ်ပြုပြီး အနာဂတ်ကာလတွင် မြန်မာ့မီဒီယာလောက ယခုထက် ပိုမိုတိုးတက်ကောင်းမွန်အောင် နိုင်ငံတော်အစိုးရနှင့် ပူးပေါင်းဆောင်ရွက်ကြပါဟု ဖိတ်ခေါ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် H.E. Mr. BAN Ki-moon နှင့် UNESCO Director- General Ms. Irina Bokova တို့၏ သဝဏ်လွှာကို Myanmar National Commission For UNESCO မှ Secretary-General ဒေါက်တာလွင်လွင်စိုးက ဖတ်ကြားသည်။

ယင်းနောက် ပြည်သူ့လွှတ်တော် အားကစား၊ ယဉ်ကျေးမှုနှင့် ပြည်သူ့ဆက်ဆံရေး ဖွံ့ဖြိုးတိုးတက်မှုကော်မတီ ဥက္ကဋ္ဌ သူရဦးအေးမြင့်က အမှာစကားပြောကြားရာတွင် ပြည်ထောင်စုလွှတ်တော် အနေဖြင့် နိုင်ငံသားများသည် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့် အပါအဝင် ဖွဲ့စည်းပုံအခြေခံဥပဒေက ပေးအပ်ထားသော နိုင်ငံသားများ၏အခွင့်အရေးများကို အခြေခံဥပဒေနှင့်အညီ ရရှိခံစားနိုင်ရန်အတွက် လုပ်ဆောင်ပေးလျက်ရှိပါကြောင်း၊ ထိုသို့ လုပ်ဆောင်ရာတွင် တည်ဆဲဥပဒေများမှ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မကိုက်ညီသောအချက်များကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်းများ ပြုလုပ်နိုင်ရန်အတွက် လေ့လာဆောင်ရွက်လျက်ရှိသကဲ့သို့ လိုအပ်သော ဥပဒေသစ်များ ပြဋ္ဌာန်းနိုင်ရေးအတွက်လည်း ပြည်ထောင်စုအစိုးရနှင့် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ စာနယ်ဇင်းများ လွတ်လပ်ခွင့်နှင့် ပတ်သက်၍လည်း သက်ဆိုင်ရာကော်မတီက စာနယ်ဇင်းသမားများနှင့် တွေ့ဆုံပြီး ၎င်းတို့၏ ဆန္ဒသဘောထားများကို ရယူကာ မီဒီယာဥပဒေများ ရေးဆွဲသည့်အခါတွင် ထည့်သွင်းစဉ်းစားနိုင်ရန်အတွက် ပြန်ကြားရေးဝန်ကြီးဌာနကို ပေးပို့ထားပြီးဖြစ်ပါကြောင်း။

စာနယ်ဇင်း လွတ်လပ်ခွင့်သည် လွတ်လပ်စွာ ရေးသားပြောဆိုခွင့်သာမက သတင်းအချက်အလက်များကို လွတ်လပ်စွာ ရယူနိုင်ခွင့်လည်း ပါဝင်နေပါကြောင်း၊ ထို့ကြောင့် ပြည်ထောင်စုလွှတ်တော် အနေဖြင့် ဒုတိယအကြိမ် အစည်းအဝေးများမှ စတင်ပြီး သတင်းမီဒီယာများကို ပိုမိုလွတ်လပ်စွာ သတင်းများ ရယူနိုင်အောင် ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ လွှတ်တော် အကြီးအကဲများကလည်း မီဒီယာများနှင့်ပိုမိုထိတွေ့ပြီး ပြည်ထောင်စုလွှတ်တော်၏ လုပ်ဆောင်ချက်များကို ရှင်းလင်းပြောကြားခြင်းများ ပြုလုပ်ပေးလျက်ရှိပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ရေးရာကော်မတီများကလည်း စာနယ်ဇင်းမီဒီယာများမှ ရေးသားဖော်ပြချက်များကို ပြည်သူ့အသံအဖြစ် သဘောထားပြီး အလေးအနက်ထား မှတ်သားလျက်ရှိပါကြောင်း၊ ချက်ချင်းအကောင်အထည် ဖော်သင့်သည်များကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့ပြင် လွှတ်တော်တွင်း ဆွေးနွေးဆုံးဖြတ်ချက်များ အပါအဝင် မှတ်တမ်းမှတ်ရာများကိုလည်း ဝက်ဘ်ဆိုက်များ၊ ရုပ်သံလိုင်းများမှတစ်ဆင့် လေ့လာနိုင်အောင်အတွက်လည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း။

စာနယ်ဇင်းလွတ်လပ်ခွင့်ရှိခြင်းဖြင့် မြန်မာ့လူ့အဖွဲ့အစည်းအတွင်း ပွင့်လင်းမြင်သာမှု၊ တာဝန်ခံမှုအလေ့အကျင့်များ ပိုမိုထွန်းကားလာမည် ဖြစ်ပါကြောင်း၊ ထို့အပြင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး လုပ်ငန်းစဉ်များကိုလည်း အထောက်အကူပြုနိုင်မည်ဖြစ်ပါကြောင်း။

လူ့အခွင့်အရေး ကြေညာစာတမ်းနှင့် နိုင်ငံသားများ၏အခွင့်အရေးနှင့် နိုင်ငံရေးအခွင့်အရေးများဆိုင်ရာ နိုင်ငံတကာကွန်ဗင်းရှင်း (International Covenant on Civil and Political Rights, ICCPR) တို့တွင် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို ကျင့်သုံးရာ၌ အခြားသူများ၏ အခွင့်အရေးများကို မထိခိုက်စေရန်၊ ဘာသာရေး၊ လူမျိုးရေး မုန်းတီးမှုများမဖြစ်စေရန်၊ နိုင်ငံတော်လုံခြုံရေးကို မထိခိုက်စေရန်အတွက် ဒီမိုကရေစီ လူ့အဖွဲ့အစည်းတစ်ခုတွင် ထားရှိအပ်သော ကန့်သတ်ချက်များကို ထားရှိရန်၊ လိုက်နာရန်လိုကြောင်း ဖော်ပြထားသည်ကို လေ့လာတွေ့ရှိနိုင်ပါကြောင်း၊ မြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ၌လည်း ယင်းအချက်ဖော်ပြထားသည်ကို တွေ့ရမည် ဖြစ်ပါကြောင်း။

မိမိတို့နိုင်ငံ၌ စစ်မှန်သော စတုတ္ထမဏ္ဍိုင်ပေါ်ပေါက်ရေးသည် ဒီမိုကရေစီ အသွင်ကူးပြောင်းရေး လုပ်ငန်းစဉ်တွင် အရေးကြီးသည့် လုပ်ငန်းစဉ်တစ်ခုဖြစ်ပါကြောင်း၊ ပြည်ထောင်စုလွှတ်တော်သည် ပြည်သူ့အသံကိုနားထောင်ပြီး ပြည်သူများ၏ဆန္ဒကို ဖော်ဆောင်ပေးရန်အတွက် စိတ်ပိုင်းဖြတ်ထားပြီး ဖြစ်ပါကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံတွင် စာနယ်ဇင်းလွတ်လပ်ခွင့်ကို မှန်မှန်ကန်ကန်ကျင့်သုံးနိုင်ရန်အတွက် လိုအပ်သောဥပဒေတစ်ရပ် ပေါ်ထွန်းလာရေးအတွက် ပြည်ထောင်စုလွှတ်တော်က ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဟု ကတိပြုပြောကြားလိုပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ သတင်းစာဆရာအသင်းဖြစ်မြောက်ရေးကော်မတီ ကိုယ်စား နာယကဦးစိုးသိမ်း (မောင်ဝံသ) နှင့် မြန်မာနိုင်ငံစာရေးဆရာအသင်း ဖြစ်မြောက်ရေးကော်မတီ ကိုယ်စား နာယက ဦးတင်လှိုင် (လယ်တွင်းသား စောချစ်) တို့က အမှာစကားပြောကြားကြသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် အခမ်းအနားသို့ တက်ရောက်လာသူများ စုပေါင်း၍ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။ **(သတင်းစဉ်)**

ပြောကြား

ပြည်သူ့လွှတ်တော် အားကစား၊ ယဉ်ကျေးမှု နှင့် ပြည်သူ့ဆက်ဆံရေး ဖွံ့ဖြိုး တိုးတက်မှု ကော်မတီ ဥက္ကဋ္ဌ သူရ ဦးအေးမြင့် အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

အများပြည်သူသိရှိရန် အသိပေးနှိုးဆော်ချက်

ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်များတွင် အများပြည်သူသုံးစွဲဖို့အား ပိုမိုတည်ငြိမ်ကောင်းမွန်လာရန် မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းက အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ လမ်းညွှန်မှုနှင့်အညီ တည်ဆောက်လျက်ရှိသော ၂၃၀ ကေဗွီ စစ်တောင်းပင်မဓာတ်အားခွဲရုံကို လက်ရှိဓာတ်အားပို့လွှတ်ထားသော ၂၃၀ ကေဗွီ ပဲခူး-သထုံ မဟာဓာတ်အားလိုင်းနှင့် ချိတ်ဆက်ရမည် ဖြစ်ပါသည်။

အဆိုပါ မဟာဓာတ်အားလိုင်းများ ကြိုးဆွဲချိတ်ဆက်ခြင်းလုပ်ငန်းကို ဘေးအန္တရာယ်ကင်းရှင်းစွာ ဆောင်ရွက်ရန်အတွက် ၂၃၀ ကေဗွီ ပဲခူး-သထုံ မဟာဓာတ်အားလိုင်းနှင့် ၃၃ ကေဗွီ ကျိုက်ထို-သိမ်ဇရပ်ဓာတ်အားလိုင်းများကို(၅-၅-၂၀၁၂)နေ့ နံနက် (၀၆:၀၀)နာရီမှ (၆-၅-၂၀၁၂)နေ့ ညနေ (၀၆:၀၀)နာရီအထိ ဓာတ်အားပိတ် ဆောင်ရွက်မည်ဖြစ်ပါသဖြင့် အောက်ဖော်ပြပါ နေရာဒေသများတွင် ဓာတ်အားပြတ်တောက်လျက်ရှိမည်ဖြစ်ပါကြောင်း အသိပေး နှိုးဆော်အပ်ပါသည်-

စဉ်	ဓာတ်အားပြတ်တောက်မည့်နေရာဒေသများ
၁။	သထုံနှင့် မော်လမြိုင် ဓာတ်အားပေးစက်ရုံများမှ ဓာတ်အားပေးထားသော အချို့နေရာဒေသများ။
၂။	၆၆ ကေဗွီ ဘားအံခွဲရုံနှင့် မော်လမြိုင်ခွဲရုံများမှ ဓာတ်အားပေးထားသော အချို့နေရာဒေသများ။

မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း

လှိုင်ကော်တက္ကသိုလ် ကျောက်ချောလမ်းသစ်နှင့် နှစ်ထပ်စာသင်ဆောင်သစ်ဖွင့်ပွဲကျင်းပ

နေပြည်တော် မေ ၃

ကယားပြည်နယ် လှိုင်ကော်တက္ကသိုလ် ကျောက်ချောလမ်းသစ်နှင့် နှစ်ထပ်စာသင်ဆောင်ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၂၈ ရက် နံနက် ၈ နာရီတွင် အဆိုပါကျောင်းဆောင်သစ်ရှေ့၌ ကျင်းပရာ ဆောက်လုပ်ရေးအထူးအဖွဲ့(၄)မှ ဒုတိယ အင်ဂျင်နီယာမှူးကြီး ဦးမြင့်ဇော်က ကျောင်းဆောင်သစ်တည်ဆောက်ရေးနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ကျောင်းဆောင်သစ်နှင့်စပ်လျဉ်းသည့် စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်ကြသည်။

ထို့နောက် ကယားပြည်နယ်ဝန်ကြီးချုပ် ဦးခင်မောင်ဦး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အင်ဂျင်နီယာချုပ် ဦးဝင်းမောင်နှင့် လှိုင်ကော်တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာခင်မောင်ဌေးတို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ကျောင်းဆောင်သစ်အား လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြသည်။

အဆိုပါနှစ်ထပ်ကျောင်းဆောင်သစ်သည် ပေ ၁၄၀ × ၃၆ ပေ သံကူကွန်ကရစ်အဆောက်အအုံဖြစ်ပြီး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အဆောက်အအုံ အထူးအဖွဲ့(၄)က ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အတွင်း အပြီးဆောက်လုပ်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ကိုယ့်အားကိုယ်ကိုး ကွန်ကရစ်လမ်းသစ်ဖွင့်

မော်လမြိုင်ကျွန်း မေ ၃

မော်လမြိုင်ကျွန်းမြို့ မြို့မ (၁၀) ရပ်ကွက် မြမာလာလမ်း ကိုယ့်အားကိုယ်ကိုး ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဧပြီ ၂၀ ရက် နံနက် ၁၀ နာရီက အဆိုပါ ကွန်ကရစ်လမ်းသစ်ထိပ်၌ ကျင်းပသည်။ အခမ်းအနားတွင် မြို့မ (၁၀)ရပ်ကွက် မြမာလာကွန်ကရစ်လမ်းသစ်ကို တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးမြင့်အောင်၊ လမ်းအလှူရှင် ဦးကိုကိုဦး - ဒေါ်ဝါဝါဦး (ကျွန်းရွှေဝါသစ်ခွဲစက်)နှင့် လမ်းအလှူရှင် ဦးမျိုးကျော်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

အဆိုပါ မြမာလာကွန်ကရစ်လမ်းသစ်မှာ အလျား ၆၆၈ပေရှိပြီး အလှူရှင်များနှင့်ရပ်ကွက်ပြည်သူများ ပါဝင်လှူဒါန်းငွေကျပ် ၃၂ သိန်းဖြင့် ကိုယ့်အားကိုယ်ကိုးကွန်ကရစ်လမ်းအဖြစ်တည်ဆောက်ခဲ့ကြောင်း သိရှိရသည်။ **(ဝ၆၅)**

ပုသိမ်မြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးကျင်းပ

ရန်ကုန် မေ ၃

ပုသိမ်မြို့နယ်အသင်း(ရန်ကုန်)၏ (၉၁)နှစ်မြောက်နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို ဧပြီ၂၅ရက် နံနက် ၉နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် မြို့မရပ်ကွက် ကြားတောရလမ်း အမှတ်(၂၁/၄၃)စီရှိ ဧရာဝတီတိုင်းဒေသကြီးဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် ပုသိမ်မြို့နယ်အသင်း(ရန်ကုန်)ဥက္ကဋ္ဌ ဦးစိုးဟန်လင်းက အမှာစကားပြောကြားပြီးနောက် ပုသိမ်အသင်းဝင်သက်ကြီး ၉၄ ဦးအား ပူဇော်ကန်တော့ကြသည်။ ထို့နောက် ပညာရည်ချွန်ဆုရကျောင်းသား ကျောင်းသူ ၁၃ဦးနှင့် စာပေဗိမာန်စာမူဆုရသူ တစ်ဦးတို့အား ဂုဏ်ပြုဆုများချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။ **(အောက်ပုံ) (မြန်မာ့အလင်း)**

ကမ္ဘာ့တီရစ္ဆာန်ဆေးကုနေ့ လှည်းကူးမြို့နယ်၌ဟောပြော

ရန်ကုန် မေ ၃

ကမ္ဘာ့တိရစ္ဆာန်ဆေးကုနေ့ အထိမ်းအမှတ်အဖြစ် အဏုဇီဝပိုးမွှားယဉ်ပါးမှုကာကွယ်ရေးအသိပညာပေး ဟောပြောပွဲကို လှည်းကူးမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူးရုံးတွင် ဧပြီ ၂၈ ရက်က ကျင်းပသည်။ ဟောပြောပွဲသို့ မြို့နယ်အတွင်းရှိ အုပ်ချုပ်ရေးမှူးများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ တိရစ္ဆာန်ကျန်းမာရေးအကူလုပ်သားများ၊ မွေးမြူသူများ၊ မွေးမြူရေး အစားအစာရောင်းဝယ်သူများ တက်ရောက်ကြသည်။

ဟောပြောပွဲတွင် မြို့နယ်ဦးစီးဌာနမှူး ဒေါက်တာမေဝင်းရွှေက အဏုဇီဝပိုးယဉ်ပါးမှုမှ ကာကွယ်ရေးအကြောင်းကိုလည်းကောင်း **(အောက်ပုံ)**၊ ဒုတိယဦးစီးမှူး ဒေါက်တာစောသတောက ကျွဲ၊ နွားရောဂါဆိုင်ရာ ကွင်းဆင်းကုသရာ၌ တွေ့ကြုံရသော ပဋိဇီဝဆေးယဉ်ပါးမှုကိုလည်းကောင်း၊ ဒုတိယဦးစီးမှူးဒေါက်တာဝါဝါအုန်းက ကြက်မွေးမြူရေးတွင် တွေ့ကြုံရသော ပဋိဇီဝဆေးယဉ်ပါးမှုများအကြောင်းကိုလည်းကောင်း ဟောပြောကြပြီး တက်ရောက်လာသူများကို အသိပညာပေး လက်ကမ်းစာစောင်များဖြန့်ဝေပေးခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် မွေး/ကု)**

တပ်ကုန်းမြို့နယ်၌ အခြေခံမီးသတ်သင်တန်းဖွင့်

နေပြည်တော် မေ ၃

နေပြည်တော် ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် အကြိုအခြေခံမီးသတ်သင်တန်း(၂/၂၀၁၂) သင်တန်းဖွင့်ပွဲကို ဧပြီ ၂၇ ရက် ညနေ ၄ နာရီက မြို့နယ်မီးသတ်တပ်ဖွဲ့ခန်းမ၌ကျင်းပရာ တပ်ကုန်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးလူက အမှာစကားပြောကြားသည်။

သင်တန်းသို့ သင်တန်းသားရပ်ကွက်၊ ကျေးရွာများမှ အရန်မီးသတ်တပ်ဖွဲ့ဝင် ၅၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ နှစ်ပတ်ကြာခဲ့ကြောင်း သိရှိရသည်။ **(၁၆၂)**

မြန်မာ့အလင်း ဖတ်စရာ၊ မှတ်စရာ

ကဆုန်ညောင်ရေသွန်းပွဲတော်

ကဆုန်လသည်ကား မြန်မာလများတွင် ဒုတိယမြောက်လ ဖြစ်၍ နွေဥတုတွင်ပါဝင်ပါသည်။နွေဥတုသည် အပူရှိန်လွန်ကဲသဖြင့်"ကဆုန်နယုန် ဆွေ့ဆွေ့ခုန်" ဟူ၍ ဆိုစကားပင်ရှိခဲ့သည်။ ပုံမှန်အားဖြင့် ရာသီဥတုမှန်ပါက"တန်ခူးမည်မှတ် ဖက်စွတ်ရေတိုး သကြ်န်မိုး" ဟုဆိုသကဲ့သို့ တန်ခူးလ သင်္ကြန်အခါသမယတွင် သင်္ကြန်မိုး (ခေါ်)ဖက်စွတ်မိုးရွာလေ့ရှာထရှိခဲ့ပါသည်။ ဖက်စွတ်မိုးရွာသည်ဖြစ်စေ မရွာသည်ဖြစ်စေ ကဆုန်လရာသီရောက်လျှင်တော့ လကဆုန်၏ အပူရှိန်ဒဏ်ကြောင့် အင်း၊ အိုင်၊ ကန်၊ ချောင်းများရေနည်းခြင်း၊ ခန်းခြောက်ခြင်းနှင့် အပင်ငယ် မြက်နုငယ်များ ညှိုးနွမ်းသည်အထိ ပူပြင်းလှပါဘိ၏။

သို့ရာတွင်လည်း ရံဖန်ရံခါ လေပြင်းများတိုက်ခြင်း၊ မိုးရိပ်မိုးသားများပြခြင်း၊ မိုးထစ်ချုန်းခြင်း အစရှိသည့် မိုးဒေဝါမင်း၏တပ်လှန့်သံကိုတစ်ချက်တစ်ချက် စတင်ကြားလေ့ရှိသည့် အခါလည်းဖြစ်ပါသည်။

ထို့အပြင် ကဆုန်လပြည့်နေ့သည် ဗုဒ္ဓဘာသာဝင်အပေါင်းတို့၏ အလွန်ထူးကဲသော နေ့ထူးနေ့မြတ်ကြီး ဖြစ်ပေသည်။ကဆုန်လပြည့်နေ့၏ ထူးခြားချက်ကြီးများမှာ" ဗျာဒိတ်၊ ဖွားမြင်၊ ဗောဓိပင်၊ စံဝင်နိဗ္ဗာန်နန်း" ဆိုသည်နှင့်အညီ

- ဘုရားလောင်းသုမေဓာရှင်ရသေ့ ဒီပင်္ကရာမြတ်စွာ ဘုရားရှင်တော်ထံ ဘုရားစင်စစ် ဧကန်ဖြစ်လိမ့်မည်ဟု ဗျာဒိတ်ခံယူသောနေ့ဖြစ်ခြင်း
- ဘုရားလောင်းဖွားမြင်တော်မူခြင်း
- သစ္စာ(၄)ပါးကိုသိမြင်တော်မူ၍ မဟာဗောဓိပင်ရင်း၌ ဘုရားဖြစ်တော်မူခြင်း
- ပရိနိဗ္ဗာန် စံတော်မူသောနေ့ဖြစ်ခြင်း စသည့် ဗုဒ္ဓဝင်မှတ်တိုင်ထူးကြီးများ စိုက်ထူဖြစ်ပျက်ခဲ့သည့် နေ့ထူးနေ့မြတ်ကြီးများဖြစ်ကြပေသည်။ ယင်းသို့ထူးခြားချက်ကြီးလေးမျိုး ကျရောက်တိုက်ဆိုင်ခဲ့သဖြင့် "ကဆုန်လပြည့်ဗုဒ္ဓနေ့" ဟု အမွှမ်းတင်သတ်မှတ် အသိအမှတ်ပြု ခေါ်ဆိုခဲ့ကြခြင်းဖြစ်ပေသည်။

ကဆုန်လကို ဗေဒင်ပညာအခေါ်အဝေါ်ဖြင့် "ပြိဿရာသီ" ဟု ခေါ်ဆို၏။ ဝိသာခါနက္ခတ်သည် ကောင်းကင်တွင် လမင်းနှင့်အတူ ယှဉ်ပြိုင်ထွန်းလင်း၏။ နွားလားဥသဘရုပ်သည် ရာသီရုပ်ဖြစ်၏။ ရာသီပန်းမှာ စံကားဝါပန်းဖြစ်သည်။ နေ့တာရှည်၍ ညတာတိုသော ရာသီဖြစ်သည်။ ရှေးမြန်မာဘုရင်များလက်ထက်တော်ကတည်းက ဘုရင်နှင့်တကွ တိုင်းသူပြည်သားအပေါင်းတို့သည် "ညောင်ရေသွန်းပွဲတော်" ကို ရာသီပွဲတော်အဖြစ် ဆင်ယင်ကျင်းပခဲ့ကြသည်။

ဗုဒ္ဓဘာသာဝင်အပေါင်းတို့သည် ဘုရားဖြစ်သော နေ့ထူးနေ့မြတ်ကြီးကို အာရုံပြုလျက် ကဆုန်လပြည့်နေ့တွင် ပရိဘောဂစေတီထိုက်သော ဗောဓိ (ညောင်) ပင်ကို ညောင်ရေသွန်းလောင်းသည့် ပွဲတော်ကို ဆင်ယင်ကျင်းပကြခြင်းဖြစ်သည်။ ဗောဓိ(ညောင်)ပင်သည် သဗ္ဗညုတရွှေဉာဏ်ကိုရရှိ၍ ဘုရားဖြစ်တော်မူရာဌာန နေရာဖြစ်ခြင်း၊ ဖွားဘက်တော် (၇)ပါးတွင် စာရင်းဝင်ဖြစ်ခြင်းတို့ကြောင့် ထူးခြား မြင့်မြတ်သော သစ်ပင်တစ်မျိုးဖြစ်ပါသည်။ ဝေဿဘူ၊ ကကုသန်၊ ကောဏာဂုံ၊ ကဿပ ရှေးဘုရားရှင်တို့ ပွင့်စံတော်မူရာ သစ်ပင်တော်များကား အင်ကြင်းပင်၊ ကုက္ကိုပင်၊ ရေသဖန်းပင်နှင့် ပညောင်ပင်တို့ဖြစ်ရာ ယင်းသစ်ပင်ထူးများမှာ ယင်း ဘုရားရှင်တို့၏ သာသနာတော်၌ ဗောဓိပင်တို့မည်ကြကုန်၏ဟု ဆို၏။ ဗောဓိဟူသော ပါဠိသည် သိမြင်တော်မူခြင်း၊ သိမြင်သောနေရာဟု အနက်အဓိပ္ပာယ် ဖွင့်ဆိုကြသည်။ ရှင်တော်ဂေါတမမြတ်စွာဘုရား သစ္စာလေးပါးတရားတော်မြတ်ကို သိမြင်တော်မူသောနေရာ သစ်ပင်မှာ ညောင်ဗုဒ္ဓဟေ (ညောင်နီ)ပင်ဖြစ်၍ ထိုညောင်ဗုဒ္ဓဟေသည် ဂေါတမဘုရားရှင်သာသနာ၌ ဗောဓိပင်မည်ခဲ့ပေသည်။ သာရီရိက စေတီတော်၊ ဥဒ္ဒိဿက စေတီတော်၊ ပရိဘောဂစေတီတော်ဟူ၍ စေတီတော် (၃)မျိုး အနက် ဘုရားရှင်၏ ကိုယ်တော်အစိတ်အပိုင်းဖြစ်သော ဓာတ်တော်တို့ကို ဌာပနာသည့် စေတီတော်သည် သာရီရိက စေတီတော်မည်၏။ ဘုရားရှင်၏ ရုပ်ပွားဆင်းတုတော်များသည် ဥဒ္ဒိဿကစေတီတော်မည်၏။ ဘုရားရှင် အသုံးပြုတော်မူသော ဗောဓိပင်၊ သင်္ကန်း၊ သပိတ်စသည့် ဘုရားအသုံးအဆောင်တို့ကို ဌာပနာသော စေတီသည် ပရိဘောဂစေတီမည်၏ဟု နိပါတ်တော်တွင် ဖော်ပြပါရှိခဲ့ပါသည်။ အဋ္ဌကထာတွင်လည်း "စေတီဆိုသည် ပူဇော်သင့် ပူဇော်ထိုက်သည့်အရာဖြစ်သည်။ ထိုစေတီသုံးမျိုးတွင် ဗောဓိပင်သည် ပရိဘောဂစေတီမည်၏"ဟုဖွင့်ဆိုထားခဲ့သည်ကိုတွေ့ရှိရသည်။

ဗုဒ္ဓဘာသာဝင်အပေါင်းတို့သည် ကဆုန်လတွင် ဤသို့အထွတ်အမြတ်ထားရှိခဲ့သော ဗောဓိညောင်ပင်ကို ရေသွန်းလောင်းကြသည့် ဓလေ့ထုံးစံသည် ရှေးခေတ်မြန်မာဘုရင်များလက်ထက်ကပင် ကဆုန်ညောင်ရေသွန်းပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ဘုရင်ရော တိုင်းသူပြည်သားများပါ ပါဝင်ကျင်းပခဲ့ကြပုံကို ကုန်းဘောင်ခေတ် ဆင်ဖြူရှင်မင်းတရားလက်ထက် အမျက်တော်ရှ၍ မဲဇာသို့ပို့ခံရသည့် လက်ဝဲသုန္ဒရဘွဲ့ခံ အမတ်ကြီး၏ "ပွဲခါညောင်ရေသွန်းမြဲပေတည့်" အလွမ်းဘွဲ့ ပိုဒ်စုံရတုကို ကြည့်ခြင်းအားဖြင့် သိသာနိုင်ပါသည်။ အမှန်တကယ်အားဖြင့် ပုဂံခေတ်ကျောက်စာများ၊ ပင်းယခေတ်ကာချင်းများအရလည်း ယင်းခေတ်အခါကတည်းက ညောင်ရေသွန်းပွဲတော် ကျင်းပခဲ့ကြကြောင်း ကျောက်စာများ၊ ကာချင်းများတွင်လည်း တွေ့ရှိနိုင်ပါသည်။

ယင်းသို့ ရှေးမြန်မာဘုရင်များ မျိုးစေ့ချခဲ့သည့် ကဆုန်ညောင်ရေသွန်းပွဲတော်သည် ယနေ့မျက်မှောက်ခေတ်တိုင်ရှင်သန်ကြီးထွားတိုးတက်စည်ကားလျက် ရှိနေပေသည်။ ကဆုန်လပြည့်နေ့ ကျရောက်လာတိုင်း မြန်မာပြည်တစ်ဝန်းလုံး မြို့ရွာ ဒေသအသီးသီး၌ ကဆုန်ညောင်ရေသွန်းပွဲတော်များကို စည်ကားသိုက်မြိုက်စွာ ကျင်းပဆင်နွှဲလေ့ရှိကြသည်ကို တွေ့ရှိရပေမည်။ ရန်ကုန်မြို့တော်တွင် ရွှေတိဂုံစေတီ၊ ကမ္ဘာအေးစေတီ၊ ဗိုလ်တထောင်စေတီ၊ ဆူးလေစေတီ စသည်တို့တွင် ညောင်ရေသွန်းပွဲတော်များကို တခမ်းတနား ကျင်းပကြပေသည်။ မြန်မာပြည်တစ်ဝန်းကျင်းပသည့် ညောင်ရေသွန်းပွဲတော်များအနက် ရန်ကုန်မြို့ ရွှေတိဂုံစေတီတော် အဂ္ဂါထောင့် ညောင်ရေသွန်းပွဲတော် ကျင်းပသည့် ညောင်ရေသွန်းလောင်းပူဇော်သည့် ဗောဓိပင်မြတ်မှာ ဘုရားပွင့်တော်မူရာ မဟာဗောဓိပင်မှအစေ့ကို ယူဆောင်၍ မဟာဗောဓိအသင်းက စိုက်ပျိုးထားသည့် မယ်ဒက်ဆရာတော် မဟာဗောဓိပင်မြတ်ဖြစ်သည်ဟု ပညာရှိစာဆိုများ၏ မှတ်တမ်းမှတ်ရာတွင် လေ့လာတွေ့ရှိရပါသည်။ ညောင်ရေသွန်းပွဲတော်ကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ဆန်းစစ်လေ့လာသုံးသပ်ကြည့်ရာတွင် မွန်မြတ်သန့်စင်သည့် ရည်ရွယ်ချက်(၂)ရပ်ကို တွေ့ရှိရပေသည်။ ပထမအချက်မှာ ရှင်တော်မြတ်ဘုရား ပွင့်တော်မူရာ ပရိဘောဂစေတီထိုက်သည့် ဗောဓိပင်မြတ်ကို ရည်မှန်းခြင်းနှင့် ဒုတိယအချက်မှာ ဆွေ့ဆွေ့ခုန်အောင်ပူပြင်းလှသော အပူရှိန်ဒဏ်အောက်တွင် ဗုဒ္ဓဘာသာဝင်တို့၏ အထွတ်အမြတ်ထားရာဖြစ်သော မဟာဗောဓိညောင်ပင်များ မညှိုးနွမ်းစေရန် ရည်ရွယ်၍ ရေစင်သွန်းလောင်း ပူဇော်ခြင်းဖြစ်ကြောင်း ပညာရှင်များ ရေးသားပြုစုသည့် စာပေမှတ်တမ်းများတွင် တွေ့မြင်နိုင်သည်။

ညောင်ရေသွန်းလောင်းပူဇော်ခြင်း အခမ်းအနားများကို နံနက်စောစော အရုဏ်တက်ပြီးချိန်မှ အစပြု၍စတင်ကျင်းပလေ့ရှိပြီး ညောင်ရေသွန်းပူဇော်ခြင်းကို တချို့ကအသင်းအဖွဲ့လိုက်၊ အချို့ကတစ်ဦးချင်းအလိုက် အမွှေးနံ့သာရည်၊ သန့်စင်သောရေချမ်းတို့ဖြင့်သွန်းလောင်းပူဇော်ကြ၏။နေဝင်ချိန်အထိ တစ်နေ့ပတ်လုံးအဆက်မပြတ် ညောင်ရေသွန်းလောင်း ပူဇော်ကြသည်။ နိုင်ငံ၏အဖွဲ့အစည်းများမှာလည်း အခမ်းအနားဖြင့် ဆင်ယင်ကျင်းပညောင်ရေသွန်းလောင်းပူဇော်ကြ၏။ ယင်းသို့ အခမ်းအနားဖြင့် ညောင်ရေသွန်းလောင်း ပူဇော်ရာတွင် "ဇယောဟိ ဗုဒ္ဓဿ သိရီမတောအယံ" စသော ဂါထာတော်ကို ရွတ်ဆိုကြ၍ ညောင်ရေသွန်းလောင်းပူဇော် ရာ ယင်းဂါထာတော်၏ အနက်မှာ "ဤပွဲတော်သည် ဗုဒ္ဓဘုရားရှင်တော်မြတ်၏ အောင်ပွဲသဘင်တော်လည်းဖြစ်၏။ ယုတ်မာမိုက်ကန်းသော မာရ်နတ်မင်း၏ရှုံးပွဲပေတည်း။ ဤသို့ မာရ်နတ်သားကို အောင်ပွဲခံရသည့် ကဆုန်လပြည့်နေ့တွင် နတ်၊ နဂါး၊ ဂဠုန်၊ ဗြဟ္မာ အပေါင်းတို့သည် မာရ်နတ်သားရှုံးသွားပြီ ဘုရားလောင်းတော်နိုင်သွားပြီ အောင်ပွဲပူဇော်မှုကို ငါတို့ပြုကြပေမည်" ဟု အမွှေးနံ့သာပန်း စသည်များကို ကိုင်စွဲလျက် အလောင်းတော်မြတ်စံတော်မူရာ မဟာဗောဓိပင်ရင်းရှိ အပရာဇိတပလ္လင်တော်သို့ တညီတညွတ်တည်း စုဝေးလျက်ရှိကုန်၏။ ချီးကျူးကြွေးကြော်ကြကုန်၏ ဟုအနက်အဓိပ္ပာယ်ရရှိရာ၊ တစ်နည်းအားဖြင့် ဘုရားရှင်တော်မြတ် မာရ်နတ်သားကို အောင်မြင်သည့်နေ့လည်းဖြစ်ပေသည်။

ယင်းသို့ ယင်းသို့သော မြင့်မြတ်ထူးခြားချက်ကြီးများ ပြည့်စုံနေသည့် နေ့ထူးနေ့မြတ်ကြီးတွင် ပရိဘောဂစေတီထိုက်သည့် မဟာဗောဓိပင်မြတ်ကြီးအား ရှေးစဉ်လာမပျက် ခေတ်အဆက်ဆက်က ညောင်ရေသွန်းလောင်းပွဲတော်အဖြစ် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြရသည့် ရည်ရွယ်ချက်နှင့် အနှစ်သာရများကို ဗုဒ္ဓဘာသာဝင်အပေါင်းကောင်းစွာသိရှိနားလည်သဘောပေါက်စွာဖြင့် အစဉ်အလာမပျက် ဘာသာရေးပွဲတော် တစ်ရပ်အနေဖြင့် ဆက်လက်ပါဝင်ဆင်နွှဲ ကုသိုလ်ရယူနိုင်ကြစေရန် ရည်စိတ်သန်လျက် ရေးသားလိုက်ရပါသည်။ ။ **(မောင်ဝင်းမြင့်)**

သီပေါမြို့လယ်ချောင်း ရေစီးရေလာကောင်းမွန်ရေးဆောင်ရွက်

သီပေါ မေ ၃

(၆၆)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် မြို့လယ်ချောင်းရေစီးရေလာကောင်းမွန်ရေးနှင့်မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးတွင် ရေဖူလုံစွာရရှိရေးအတွက် ကောနေသည့်မြို့လယ်ချောင်းကို ပြန်လည်တူးဖော်ဆယ်ယူခြင်းလုပ်ငန်းကို ဧပြီ ၂၈ ရက် နံနက် ၇ နာရီက ဆောင်ရွက်ကြသည်။ ထိုသို့ဆောင်ရွက်ရာတွင် မီးသတ်တပ်ဖွဲ့ကြက်ခြေနီ၊မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ဌာနဆိုင်ရာများနှင့် တောင်သူလယ်သမားများပါဝင်ဆောင်ရွက်ကြသည်။

လုပ်ငန်းဆောင်ရွက်ရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်မောင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး ကျော်ညွန့်လှိုင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသိန်းထိုက်ဦး၊ မြို့နယ်မီးသတ်ဦးစီးမှူးဦးကိုကိုဦးနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှု အားပေးကြပြီး လိုအပ်သည်များကို ကူညီဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရသည်။ **(ဝ၇၂)**

ဓာတ်ဆီဖြည့်မှု သတိပြု

ပူပြင်းသော ရာသီကာလ နေ့လယ်ချိန်များတွင် မော်တော်ယာဉ်များ ဓာတ်ဆီဖြည့်ခြင်းနှင့် ဓာတ်ဆီ လဲလှယ်ခြင်းများပြုလုပ်စဉ် ပွတ်တိုက်မှု (Friction) မှ သဘာဝတည်ငြိမ်လျှပ်စစ် (Static Electricity) တို့ ဖြစ်ပေါ်တတ်မှုကြောင့် မီးလောင်မှုများ ဖြစ်ပွားနိုင်ပါသဖြင့် ရာသီဥတု ပူပြင်းချိန်တွင် ပလတ်စတစ်ပုံး၊ ပလတ်စတစ်ပိုက်တို့ဖြင့် ဓာတ်ဆီဖြည့်ခြင်းနှင့် လဲလှယ်ခြင်းများကို သတိပြုရှောင်ကြဉ်ကြပါရန်။ **မီးသတ်ဦးစီးဌာန**

4-5 (07).pmd 1 5/4/2012, 2:19 AM

ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းအား လာအိုအမျိုးသားလွှတ်တော်လေ့လာရေးအဖွဲ့နှင့် ဩစတြီးယားနိုင်ငံ အခြေစိုက်အဖွဲ့တို့ တွေ့ဆုံ

နေပြည်တော် မေ ၃

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းအား လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ လာအိုအမျိုးသားလွှတ်တော်၏ စီးပွားရေး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးကော်မတီဥက္ကဋ္ဌ Dr.Souvanhpheng BOUPHANOUVONG ဦးဆောင်သည့် အဖွဲ့ဝင်(၁၃)ဦးပါ လေ့လာရေးအဖွဲ့သည် ယမန်နေ့မွန်းလွဲ ၁ နာရီတွင် ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံ၏ သစ်တောများ စီမံအုပ်ချုပ်မှု၊ သစ်ထုတ်လုပ်မှု၊ ပြည်တွင်းသစ် လိုအပ်ချက်များ ဖြည့်ဆည်းပေးမှု၊ သစ်တောကဏ္ဍတွင် ပြည်ပမှ လာရောက်ရင်းနှီးမြှုပ်နှံမှု၊ သစ်အခြေခံတန်ဖိုးမြင့် ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်မှုနှင့် သစ်တောကဏ္ဍတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်နိုင်ရေးအခြေအနေများကို ဆွေးနွေးခဲ့ကြသည်။

လေ့လာရေးအဖွဲ့သည် ယမန်နေ့နံနက် ၉ နာရီတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၏ လုပ်ငန်းဆောင်ရွက်မှုများ၊ အထူးသဖြင့် ရေရှည်တည်တံ့စေသည့် သစ်တောစီမံအုပ်ချုပ်မှုစနစ်များကို တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီး ဧပြီ ၃၀ ရက်တွင် ရန်ကုန်မြို့ရှိ မြန်မာ့သစ်လုပ်ငန်း၌ ကျင်းပသည့် သစ်တင်ဒါဖြင့် ရောင်းချမှုကို လက်တွေ့လေ့လာခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးအား ယနေ့နံနက် ၈ နာရီခွဲတွင် ဩစတြီးယားနိုင်ငံအခြေစိုက် Lenzing Group မှ Project Manager, Mr. Michael Mayer နှင့်အဖွဲ့သည် ပြည်ထောင်စုဝန်ကြီးဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ မြန်မာနိုင်ငံ၌ သစ်တောစိုက်ခင်းများ တည်ထောင်ပြီး ပျော့ဖတ်ထုတ်လုပ်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စများကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြို့ပတ်ရထားလမ်းဘေးရှိ အမှိုက်ပုံများ မိုးမလာမီ အပြီးရှင်းလင်းသွားမည်

ရန်ကုန် မေ ၃

ရန်ကုန်မြို့ရှိမြို့ပတ်ရထားလမ်း ခရီးစဉ်တစ်လျှောက်ရှိ လမ်းဘေးအမှိုက်ပုံများနှင့် ညစ်ပတ်သောနေရာများအား ယခုနှစ်မိုးမရွာမီ စီမံချက်အနေနှင့် အပြီးရှင်းလင်းပေးသွားမည်ဖြစ်ကြောင်း မြန်မာ့မီးရထားမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

"ခရီးသွားတွေအတွက် အနံ့အသက်ဆိုးရွားပြီး မိုးတွင်းကာလဆိုရင် အလွန်ပဲ ဒုက္ခရောက်ကြတယ်။ ရန်ကုန်မြို့ပတ်ရထားလမ်း တစ်လျှောက်လုံးဆိုရင် အမှိုက်ပုံပေါင်း ၁၃၅ ပုံ အထိရှိပါတယ်။ အနီးအနားကလူတွေရော အားလုံးကျန်းမာရေး ထိခိုက်ကြရတာ။ အဲဒါကြောင့်မို့လို့ အရေးပေါ်ရှင်းလင်းရေးတွေ စတင်လုပ်ကိုင်နေပါပြီ"ဟု မြန်မာ့မီးရထားမှ အဆိုပါစီမံချက်အား ဆောင်ရွက်လျက်ရှိသူတစ်ဦးက ပြောပြသည်။ ရထားလမ်းတစ်လျှောက်၌ ယခုကဲ့သို့ အမှိုက်ပုံများ တည်ရှိနေသည်မှာ ဆယ်စုနှစ်ပေါင်းများစွာကတည်းကပင် ဖြစ်သည်။ နှစ်စဉ် သန့်ရှင်းရေးများ ပြုလုပ်သော်လည်း စည်းကမ်းမဲ့ အမှိုက်ပစ်သူများက ပြန်လည်ပစ်ထားခဲ့သည့်အတွက် ယခုကဲ့သို့ ညစ်ပေနေရခြင်းဖြစ်သည်။

"အမှိုက်ပုံတွေအများစုက ရထားသံလမ်းနဲ့ကပ်နေတဲ့အတွက် **(ဝဲပုံ)** စီးနေကျလူတွေကတော့ ဘယ်ဘူတာကျော်ရင် နှာခေါင်းပိတ်ရမလဲဆိုတာ ကြိုသိနေကြပါပြီ။ အများစုကတော့ ဈေးတွေနဲ့ နီးတဲ့သံလမ်းတွေ၊ တိုးချဲ့နဲ့ကျူးကျော် ရပ်ကွက်အများစုမှာရှိတဲ့ စည်းကမ်းမဲ့ အမှိုက်ပုံတွေပဲ။ လွန်ခဲ့တဲ့ သုံးရက်လောက်ကတည်းက ဒီဘက်မှာလာ ရှင်းပေးသွားပြီ"ဟု မြောက်ဥက္ကလာ မြို့နယ်ရှိ ရထားစီးခရီးသည်တစ်ဦးက ပြောသည်။

"မြန်မာ့မီးရထားနဲ့ မြို့တော်စည်ပင်သာယာရေးကော်မတီ သန့်ရှင်းရေးဌာနတို့ ပူးပေါင်းပြီး အပြီးသတ်ဆောင်ရွက်နေပါတယ်။ မိုးမကျခင်ကာလအတွင်းမှာ အမှိုက်ပုံတစ်ရာကျော်စလုံးကို စနစ်တကျရှင်းလင်းပေးသွားမယ်"ဟု ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ သန့်ရှင်းရေးဌာနမှ တာဝန်ယူဆောင်ရွက်သူများက ရှင်းပြသည်။ မြန်မာ့မီးရထားအနေနှင့် ရထားသံလမ်းအနီးအနားရှိ အနံ့အသက်မကောင်း၊ ကျန်းမာရေးထိခိုက်နိုင်သည့် အမှိုက်ပုံများကို ရှင်းလင်းပေးနေသည့်အပြင် ရန်ကုန်မြို့ရှိ မြို့ပတ်ရထားများအတွင်း အများပြည်သူများ သန့်ရှင်းသပ်ရပ်စွာ သွားလာနိုင်ရေးအတွက် အမှိုက်ပုံးများ ထားရှိပေးထားပြီးဖြစ်ကာ ဆက်လက်၍လည်းသန့်ရှင်းသပ်ရပ်စေရန် လုပ်ဆောင်ပေးသွားဦးမည်ဖြစ်ကြောင်းသိရှိရသည်။ မြို့ပတ်ရထားများကို ရန်ကုန်မြို့ပြင်၊ မြို့သစ်များနေ ပြည်သူအများစုတို့က အားကိုးစီးနင်းကြပြီး ဘတ်စ်ကားခများထက်သက်သာသည့် ဝန်ဆောင်ခကြောင့် အခြေခံလူတန်းစားများ စီးနင်းကြကာ တစ်နေ့လျှင် မြို့ပတ်ရထားစီးနင်းသူဦးရေမှာ ဘတ်စ်ကားစီးနင်းသူဦးရေနှင့် ဆတူရှိနေကြောင်း သိရှိရသည်။ **(သွန်းဝသန်)**

လမြတ်ကဆုန်

* အလှဝေဖြာ၊ တင့်မောစွာတည့်
အခါတော်မီ၊ ရာသီပြီသ
ထွန်းပရောင်ဝါ၊ ဝိသာခါနှင့်
စန္ဒာငွေလ၊ စန်းယှဉ်ကြသော်
တင့်ဆန်းလှပေ၊ ပန်းမိုးစွေတို့
ခက်ဝေလန်းဖြာ၊ ဖူးပွင့်ရာပြီ
နွေမှာပန်းနှင့်သာစေသတည်း။

* ဓမ္မဖွေရှာ၊ ငြိမ်းအေးရာတည့်
ပွင့်လွှာဝတ်မှုန်၊ သင်းထုံပေစွ
ကဆုန်လဝယ်၊ ဗုဒ္ဓလောင်းလျာ
ဖွားမြင်ပါ၏၊ သစ္စာသိမြင်
ဘုရားရှင်ဟု၊ လူ့ခွင်လောက
ပွင့်ထွန်းရ၏၊ ဒုက္ခခပ်သိမ်း
ချုပ်ငြိမ်းရာမှန်၊ မြတ်နိဗ္ဗာန်သို့
ဝင်စံခဲ့ပေ၊ ထူးမြတ်ပေ၏
စိန္တေထွတ်ဦး၊ ဂုဏ်ကျေးဇူးကို
ညွှတ်နူးလျက်သာ၊ ပူဇော်ပါသည်
ခေမာလမ်းပွင့်ပါစေသတည်း။

* မြန်မာ့မြေမှာ၊ သာလွန်းစွာတည့်
ပြည်ရွာနှံ့ပြား၊ ဘုရားစေတီ
မွေသရီဝယ်၊ တင့်တယ်လှစွာ
မြတ်ဗုဒ္ဓါ၏၊ သစ္စာပွင့်ထွန်း
ညောင်ပင်ဝန်းတွင်၊ ရေသွန်းသဘင်
နွဲဆင်ယင်၍၊ ကြည်လင်ရွှင်ပျ
မြတ်ဒါနနှင့်၊ သီလဘာဝနာ
စီးဖြန်းကာလျှင်၊ သူငါကောင်းမှု
ကြိုးစားပြုကြ၊ မြတ်ပုညကြောင့်
ဗုဒ္ဓသာသနာ၊ ပွင့်လင်းဖြာ၍
ပြေ(ပြည်)ရွာလျှမ်းတင့်ပါစေသတည်း။ ။

ညွန့်လှိုင်ဝင်း(ကွမ်းခြံကုန်း)

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့စစ်နှင့်နယ်ခြားတပ်များ ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် အမှတ်(၁၀၀၂)နယ်ခြားစောင့်တပ်ဌာနချုပ်ကို တိုက်ခိုက်ခဲ့သည့် ကေအိုင်အေ(ကချင်)လက်နက်ကိုင်အဖွဲ့များ အကျအရှုံးများစွာဖြင့် ဆုတ်ခွာထွက်ပြေး

နေပြည်တော် မေ ၃

ကချင်ပြည်နယ် ပန်ဝါမြို့နယ်ခွဲ လုပီကျေးရွာအနီးတည်ရှိသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့စစ်နှင့် နယ်ခြားတပ်များ ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် အမှတ်(၁၀၀၂)နယ်ခြားစောင့်တပ်ဌာနချုပ်အား ကေအိုင်အေ (ကချင်)လက်နက်ကိုင်အဖွဲ့သည် ၎င်းတို့၏ ကျဆင်းနေသော စစ်ရေးသိက္ခာမြှင့်တင်နိုင်ရေး၊ နယ်စပ်မြို့ဖြစ်သည့် ပန်ဝါမြို့နယ်ခွဲအား သိမ်းပိုက်နိုင်ရေး၊ ကေအိုင်အေ အမာခံနယ်မြေဖြစ်စေရေးနှင့် အခြားစီးပွားရေးလုပ်ငန်းများ သိမ်းပိုက်ချဲ့ထွင်ရေး စသည့် ရည်ရွယ်ချက်များဖြင့် ဧပြီ ၂၇ ရက်မှစ၍ အင်အားအလုံးအရင်းဖြင့် အလစ်အငိုက် ဝင်ရောက်တိုက်ခိုက်ခဲ့သည်။ အဆိုပါ ကေအိုင်အေ(ကချင်) လက်နက်ကိုင်အင်အားစုများအား အမှတ်(၁၀၀၂) နယ်ခြားစောင့်တပ်မှ တပ်မှူးနှင့်တကွ အရာရှိ/စစ်သည် မိသားစုများက ရှုပ်ရှုပ်ချွံချွံ ပြန်လည်ခုခံတိုက်ခိုက်ကြသကဲ့သို့ လှုပ်ရှားတပ်မတော်စစ်ကြောင်းများကလည်း ဧပြီ ၂၇ ရက်တွင်ပင် စစ်ကူပစ်ကူ အချိန်မီရောက်ရှိပြီး နယ်ခြားစောင့်တပ်နှင့် ပူးပေါင်းတိုက်ပွဲဝင်ခဲ့ရာ ဧပြီ ၂၉ ရက်တွင် တပ်မတော်စစ်ကြောင်းများ၏ တန်ပြန်တိုက်ခိုက်မှု အပါအဝင် တိုက်ပွဲကြီးငယ် (၁၁)ကြိမ်ဖြစ်ခဲ့ပြီးနောက် ကေအိုင်အေ(ကချင်) လက်နက်ကိုင်အဖွဲ့များသည် အထိအခိုက်အကျအရှုံးများစွာဖြင့် အမှတ်(၁၀၀၂) နယ်ခြားစောင့်တပ်ဌာနချုပ်၏ တောင်ဘက်နှင့် အနောက်ဘက်သို့ ဆုတ်ခွာထွက်ပြေးသွားကြသည်။

ဆုတ်ခွာထွက်ပြေးသွားသည့် ကေအိုင်အေ(ကချင်) လက်နက်ကိုင်အဖွဲ့များနောက်သို့ တပ်မတော်စစ်ကြောင်းများက ထက်ကြပ်လိုက်လံရှင်းလင်းလျက်ရှိရာ မေ ၃ ရက်အထိ ကေအိုင်အေ(ကချင်)လက်နက်ကိုင်အဖွဲ့ဘက်မှ လက်နက် ၁၄ လက်၊ အလောင်း ၂၉ လောင်း၊ အရှင်ဖမ်းဆီးရမိတစ်ဦး၊ ခဲယမ်းနှင့်မိုင်း အမြောက်အမြား သိမ်းဆည်းရမိကာ တပ်မတော်ဘက်မှ စစ်သည်နှစ်ဦး တိုင်းပြည်အတွက် အသက်စွန့်ခဲ့ရပြီး အရာရှိသုံးဦးနှင့် စစ်သည် ၁၂ ဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့သည်။

ထို့ပြင် တိုက်ပွဲကြောင့် အမှတ်(၁၀၀၂) နယ်ခြားစောင့်တပ်ဌာနချုပ်ရှိ ရိက္ခာဂိုဒေါင်အဟောင်းတစ်လုံး မီးလောင်ပျက်စီးပြီး စစ်သည်နေအိမ် အဆောက်အအုံများ လက်နက်ကြီး/လက်နက်ငယ်ကျည်များ ထိမှန်ကာ အနည်းငယ်စီ ပျက်စီးခဲ့သည်။

အဆိုပါ ကေအိုင်အေ(ကချင်) လက်နက်ကိုင်အဖွဲ့များသည် လမ်းခရီးတစ်လျှောက် ဒေသခံတိုင်းရင်းသားများအား စစ်ဆင်ရေးအထမ်းသမားများအဖြစ် ကျေးရွာပေါင်း ၂၃ ရွာမှ ရွာသူရွာသား ၃၄၅ ဦးအား အဓမ္မဖမ်းဆီးခေါ်ဆောင် အသုံးပြုခဲ့ကြောင်း၊ ထွက်ပြေးလွတ်မြောက်လာကြသည့် အထမ်းသမားနှစ်ဦးက ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဖမ်းဆီးရမိသည့် ကေအိုင်အေ (ကချင်) လက်နက်ကိုင်တပ်ဖွဲ့ဝင် တစ်ဦးကို တွေ့ရစဉ်။
(သတင်းစဉ်)

လယ်ယာမြေဥပဒေနှင့် မြေလွတ်မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေရှင်းလင်းပွဲ မှော်ဘီ၌ကျင်းပ

ရန်ကုန် မေ ၃

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် မြေစာရင်းဦးစီးဌာန၌ မေ ၂ ရက် မွန်းလွဲ ၁ နာရီက ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေနှင့် မြေလွတ်မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေး ဥပဒေများနှင့်စပ်လျဉ်း၍ ရှင်းလင်းပွဲကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး မြေစာရင်းဦးစီးဌာနမှူး ဦးဇော်မင်းနှင့် မြောက်ပိုင်းခရိုင် မြေစာရင်းဦးစီးဌာနမှူး ဦးဌေးလွင်တို့က ကွင်းဝန်ထမ်းများအား ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရှိရသည်။ **(အောက်ပုံ)** **(မြန်မာ့အလင်း)**

ကချင်ပြည်နယ်အတွင်း ကေအိုင်အေ(ကချင်)လက်နက်ကိုင်အဖွဲ့ တံတားသုံးစင်းမိုင်းခွဲ

နေပြည်တော် မေ ၃

ကေအိုင်အေ(ကချင်)လက်နက်ကိုင်အဖွဲ့အနေဖြင့် ကချင်ပြည်နယ်အတွင်း မှီတင်းနေထိုင်ကြသည့်တိုင်းရင်းသားများ အကျိုးစီးပွား ထိခိုက်စေရန်အတွက် အများပြည်သူအသုံးပြုလျက်ရှိသည့် လမ်း/တံတားများကို နေ့စဉ်ရက်ဆက် ဖောက်ခွဲဖျက်ဆီးလျက်ရှိရာ မေ ၁ ရက် ည ၁၂ နာရီခန့်တွင် မြစ်ကြီးနား-ချီဖွေကားလမ်းပေါ်ရှိ ဒွန်ဘန်တံတားအား မိုင်းထောင်ဖောက်ခွဲခဲ့သဖြင့် တံတားကြမ်းခင်း နှစ်ပေပတ်လည်ခန့် ပေါက်ပြဲပျက်စီးသွားခဲ့သည်။ အလားတူ မေ ၂ ရက် နံနက် ၁ နာရီခွဲခန့်တွင် ဝိုင်းမော်-ဆဒုံး-ကန်ပိုက်တီးလမ်းပေါ်ရှိ လန်နခုနစ်ရောင်ခြယ် သံကူကွန်ကရစ်တံတားအား ကေအိုင်အေ(ကချင်) လက်နက်ကိုင်များမှ မိုင်းထောင်ဖောက်ခွဲခဲ့ရာ တံတားကြမ်းခင်း အလျားပေ ၂၀ ခန့် ပျက်စီးခဲ့သည်။

ထို့အပြင် မေ ၂ ရက် နံနက် ၇ နာရီခန့်တွင် မြစ်ကြီးနား-တနိုင်းကားလမ်း၊ ဝရာဇွတ်ကျေးရွာအနီး သံပေါင်ဘေလီတံတားအား ကေအိုင်အေ(ကချင်) လက်နက်ကိုင်အဖွဲ့က မိုင်းထောင်ဖောက်ခွဲခဲ့ရာ တံတားညာဘက်အခြမ်းကြမ်းခင်း နှစ်ပေခန့်ပျက်စီးခဲ့ပြီး အောက်ခံသံပေါင် အနည်းငယ်ကွေးသွားခဲ့ကြောင်း သိရှိရသည်။

ကေအိုင်အေ(ကချင်)လက်နက်ကိုင်အဖွဲ့၏ ယင်းသို့ ဖောက်ခွဲဖျက်ဆီးမှုများကြောင့် ဒေသခံပြည်သူများ လမ်းပန်းဆက်သွယ်မှုခက်ခဲပြီး စီးပွားရေးလုပ်ငန်းများ ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်အား ဟောင်ကောင်ကိုယ်စားလှယ်အဖွဲ့တွေ့ဆုံ

ရန်ကုန် မေ ၃

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေအား ဟောင်ကောင် General Chamber Of Commerce မှ အာရှ ပစိဖိတ်ကော်မတီဥက္ကဋ္ဌ Mr. Marc Castagnet ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၈ နာရီတွင် တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးဧည့်ခန်းမ၌ တွေ့ဆုံကာ စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စများကို ဆွေးနွေးကြသည်။

တက်ရောက်

ယင်းသို့တွေ့ဆုံရာတွင် တိုင်းဒေသကြီးဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီး ဒေါ်စန်းစန်းနွယ်၊ တိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးစိုးမင်း၊ တိုင်းဒေသကြီး စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးသန်းမြင့်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူး ဦးသန်းအောင်တို့ တက်ရောက်ကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် နံနက် ၉ နာရီတွင် တာမွေမြို့နယ် ဖိုးစိန်လမ်းရှိ Green Hill ဟိုတယ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးပြီး သရေစည်သူ ဦးသောင်းညွန့်နှင့် ဟိုတယ်ပိုင်ရှင် ဦးသာခင်တို့က ဟိုတယ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဟိုတယ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်း ဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ Green Hill ဟိုတယ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

၂၀၁၂ ခုနှစ် အလုပ်သမားနေ့အခမ်းအနားများ ကျင်းပ

နေပြည်တော် မေ ၃

စစ်ကိုင်းတိုင်းဒေသကြီး ၂၀၁၂ ခုနှစ် အလုပ်သမားနေ့အခမ်းအနားကို မေ ၁ ရက် နံနက် ၈ နာရီတွင် မုံရွာမြို့ မြို့တော်ခန်းမ၌ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေး၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးသင်းလှိုင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ လုပ်ငန်းရှင်များ၊ အလုပ်သမားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတထံမှပေးပို့သည့် အလုပ်သမားနေ့ သဝဏ်လွှာကို တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးက ဖတ်ကြားပြီး အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ ညွှန်ကြားရေးမှူးချုပ်၏ သဝဏ်လွှာကို တိုင်းဒေသကြီး ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီး ဦးစောမြင့်ဦးက ဖတ်ကြားသည်။

ထို့နောက် အလုပ်သမားများ ကိုယ်စား မုံရွာစက်မှုဇုန် မြတ်ဇော်နှင့်ညီများ သစ်အချောထည်စက်ရုံမှ ကြီးကြပ်ရေးမှူး ဦးဝင်းလှိုင်ထွန်းက ဆွေးနွေးပြီး လုပ်ငန်းရှင်များကိုယ်စား မုံရွာစက်မှုဇုန် ဝင်းချည်မျှင်စက်နှင့် စောင်စက်လုပ်ငန်းရှင် ဦးခင်မောင်ဝင်းက ဆွေးနွေးခဲ့ကြသည်။

အလားတူ မွန်ပြည်နယ် ၂၀၁၂ ခုနှစ် အလုပ်သမားနေ့ အခမ်းအနားကို မေ ၁ ရက် နံနက် ၉ နာရီတွင် မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးကျင်ဖေ၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်က အဖွင့်အမှာစကားပြောကြားပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတထံမှ ပေးပို့သည့် အလုပ်သမားနေ့သဝဏ်လွှာကို ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဒေါက်တာတိုးတိုးအောင်က ဖတ်ကြားသည်။

ထို့နောက် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ ညွှန်ကြားရေးမှူးချုပ်၏ သဝဏ်လွှာကို အလုပ်သမားညွှန်ကြားမှုဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးတင်ဦးက ဖတ်ကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မွန်ပြည်နယ် ၂၀၁၂ ခုနှစ် အလုပ်သမားနေ့ အခမ်းအနား ကျင်းပစဉ်။ (သတင်းစဉ်)

တောင်ပိုင်းဒေသများ မိုးဆက်လက်ရွာနိုင်

နေပြည်တော် မေ ၃

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီးတွင် နေရာအနှံ့အပြား၊ ကချင်ပြည်နယ်တွင် နေရာစိပ်စိပ်၊ ဧရာဝတီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ချင်းပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။ နေ့အပူချိန်များမှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကယားပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ ကရင်ပြည်နယ်တွင် မေလ၏ ပျမ်းမျှအပူချိန်ထက် ၅ ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မေလ၏ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ ထူးခြားသည့် နေ့အပူချိန်မှာ ချောက်မြို့တွင် ၄၂ ဒီဂရီစင်တီဂရိတ် ဖြစ်သည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ လောင်းလုံမြို့တွင် ၂ ဒသမ ၀၅ လက်မ၊ ကော့သောင်းမြို့တွင် ၁ ဒသမ ၆၅လက်မ၊ ဟင်္သာတမြို့တွင် ၁ ဒသမ ၁၀ လက်မနှင့် မအူပင်မြို့တွင် ၀ ဒသမ ၇၉ လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ဗလငါးတန်
ဖွံ့ဖြိုးဖို့
စာအုပ်စာပေ
လေ့လာစို့

ရွှေမင်းသားဖောင်ဒေးရှင်း (မြန်မာ) နှစ်ပတ်လည်စည်းဝေးမည်

ရန်ကုန် မေ ၃

မသန်စွမ်းသူများနှင့် ဖွဲ့စည်းထားပြီး မသန်စွမ်းသူများအတွက် ဆောင်ရွက်လျက်ရှိသော ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ)၏ စတုတ္ထအကြိမ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကို မေ ၈ ရက် (အင်္ဂါနေ့)တွင် ရန်ကုန်မြို့ မင်းရဲကျော်စွာလမ်းရှိ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းရုံးချုပ် (UMFCCI) ခန်းမ၌ နံနက် ၉ နာရီမှ ၁၁ နာရီအထိ ကျင်းပမည်ဖြစ်သည်။ အဆိုပါ အခမ်းအနားတွင် မသန်စွမ်းညီအစ်ကိုမောင်နှမများတွေ့ဆုံခြင်း၊ အထောက်အကူပြုကိရိယာများ၊ ပညာသင်ထောက်ပံ့ကြေးများ ပေးအပ်လှူဒါန်းခြင်းနှင့် အလှူငွေပေးအပ်ခြင်းများပြုလုပ်မည်ဖြစ်ရာ ရွှေမင်းသားဖောင်ဒေးရှင်း (မြန်မာ) ရုံးချုပ် အမှတ် ၇၉၇ အခန်း ဘီ (၁၀၄) ဝါးတန်းလမ်းနှင့် ဗိုလ်ချုပ်လမ်းထောင့် (မြန်မာ့အလှတာဝါ II) လမ်းမတော်မြို့နယ် ဖုန်း- ၀၁-၂၃၀၀၃၃၂၊ ၀၁-၂၃၀၀၃၂၉၊ ၀၉-၅၀၄၂၆၂၁၊ ၀၉-၅၀၄၄၀၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

ဉာဏ်ကိုရှေ့ထား နောက်ပါး၌ စိတ်ကပ်လိုက်

ရတနာစည်ဆရာတော် (လှိုင်လင်)

ဉာဏ်ကိုရှေ့ထား

ဉာဏ်ဟူသည် အသိအလိမ္မာ ပညာနှင့်တွေးခေါ်မြော်မြင်နိုင်စွမ်းပင်ဖြစ်၏။ ဖြစ်စဉ် ဖြစ်ရပ်တိုင်းအပေါ် အကောင်း၊ အဆိုး၊ အကြောင်း၊ အကျိုး စိတ်ဖြာခွဲခြမ်းနိုင်ခြင်းနှင့် အစဉ်ထာဝရ သမ္မဇဉ်ရှိခြင်းတို့ဖြင့် ဉာဏ်သည် လင်းလက်တောက်ပ၏။ သိမြင်ခြင်းမှ ပို၍သိမြင်ခြင်းသို့ လှမ်းတက်၏။

နောက်ပါး၌ စိတ်ကပ်လိုက်

အသိဉာဏ်ပညာကို ရှေ့ထားပြီးကာ နောက်ပါးမှာ ကပ်လိုက်ရမည့်အရာကတော့ စိတ်ပင်ဖြစ်၏။ စိတ်ကို အသိဉာဏ်က ဦးဆောင်နေပြီး အသိဉာဏ်နောက်သို့ စိတ်ကပ်လိုက်နေအောင် လေ့ကျင့်ထုံပွားနေကြရမည်။

စိတ်ကိုစိတ်ဖြာခြင်း

စိတ်သည် တော်တော်ဆန်းကြယ်၏။ 'စိတ်' ဟူသော အမည်ကိုက 'စိတြ=ဆန်းကြယ်ခြင်း' ဟု အဓိပ္ပာယ်ထွက်နေ၏။ ဆန်းကြယ်ခြင်းဟူရာ၌ ခန္ဓာကိုယ်ကြီးက မိုးမပျံနိုင်သော်လည်း စိတ်က မိုးပျံနိုင်၏။ မြေလျှိုးနိုင်၏။ ဤစာဖတ်နေရင်းပင် စိတ်က ဖျတ်ခနဲ အမေရိကကို ရောက်သွားနိုင်၏။ ဥရောပကို ရောက်သွားနိုင်၏။ ဖြူနေရင်းက ချက်ချင်းမည်းသွားနိုင်၏။ ဖြောင့်နေရင်းက ချက်ချင်းကောက်သွားနိုင်၏။

စိတ်၏ အခြားအဓိပ္ပာယ်တစ်ခုမှာ 'စိန္တ=သိခြင်း' ဖြစ်၏။ မျက်စိဖြင့်မြင်သမျှ စိတ်ကအကုန်သိ၏။ အဖြူအမည်း အလင်းအမှောင် အတိုအရှည် အလုံးအပြား သက်ရှိသက်မဲ့ စသည်အကုန်သိ၏။ ယင်းနည်းတူ ကြားနာသမျှ၊ နမ်းရှုသမျှ၊ စားသောက်သမျှ၊ ထိတွေ့သမျှ အားလုံးအပေါ် အကုန်အကုန်သိ၏။ စိတ်ဟူသော သိမှုချုပ်ပြတ်သွားသည်နှင့်တစ်ပြိုင်နက် ခန္ဓာကိုယ်ကြီး၌ မျက်လုံးတွေ၊ နားတွေ ရှိနေသော်လည်း ဘာဆိုဘာမျှမသိနိုင်တော့။

ယင်းစိတ်ကို အနှစ်ချုပ်ကြည့်လျှင် (၃)မျိုး တွေ့ရှိရပါ၏။

၁။ အတ္တဗဟိုပြုစိတ်
၂။ အတ္တပရမျှတစိတ်
၃။ ပရဗဟိုပြုစိတ်

အတ္တဗဟိုပြုစိတ်

အတ္တဗဟိုပြုစိတ်ဆိုသည်မှာ အရာရာ ငတေမာပြီးရောသာဖြစ်၏။ ဘယ်သူသေသေ၊ ဘယ်သူနာနာ ကိုယ်မာဖို့သာ အဓိကဖြစ်၏။ ဘယ်သူ့အပေါ်မှာမှ နားလည်ပေးမှုမရှိ။ ဖြည့်ဆည်းပေးမှုမရှိ။ အတ္တမှတစ်ပါး အခြားတစ်စုံတစ်ရာ ဘာဆိုဘာမျှမရှိ။ အတ္တပြီး အတ္တသာဖြစ်၏။ ထို့ကြောင့် ယင်းအတ္တ ဗဟိုပြုစိတ်ရှင်ကို မြတ်ဗုဒ္ဓက 'အန္ဓပုထုဇဉ်=အမိုက်အကန်းပုထုဇဉ်' ဟု သတ်မှတ်တော်မူ၏။

အတ္တပရမျှတစိတ်

ယင်းအတ္တပရညီမျှစိတ်သော်မူ အတ္တကိုသိသလို ပရကိုလည်းသိ၏။ အတ္တအကျိုးအတွက် လုပ်ဆောင်သလို ပရအကျိုးအတွက်လည်း လုပ်ဆောင်၏။ အတ္တကိုချည်းချည်း ဗဟိုမပြုသလို ပရကိုချည်းချည်းလည်း ဗဟိုမပြု၊ အတ္တနှင့်ပရကို ညီမျှအောင် အမြဲချိန်ဆတတ်၏။ ထို့ကြောင့် ယင်းအတ္တ ပရမျှတစိတ်ရှင်ကို မြတ်ဗုဒ္ဓက 'ကလျာဏ ပုထုဇဉ်=အကောင်းမွန်ပုထုဇဉ်'ဟု သတ်မှတ်တော်မူ၏။

ပရဗဟိုပြုစိတ်

ဤပရဗဟိုပြုစိတ်သည်ကား မရှာလည်းရှား ရှာလည်းရှားသော အရှားဆုံး စိတ်ဖြစ်၏။ ယင်းစိတ်၌ အတ္တသည် လုံးဝချုပ်ငြိမ်းသွားလေပြီ။ အတ္တဟူ၍ မြူတစ်ငွေ့မျှ မကျန်တော့သည့်အတွက် အတ္တအကျိုးငှာ တစ်စုံတစ်ရာ ဆောင်ရွက်ဖွယ်မရှိပြီ။ အရာရာ ပရသာဖြစ်တော့၏။ အချိန်တိုင်းမှာ ပရသာဖြစ်တော့၏။ ယင်းစိတ်ရှင်ကား ရဟန္တာနှင့် အရိယာပုဂ္ဂိုလ်များသာ ဖြစ်ပါသည်။

မထားအပ်သောစိတ်

ဖော်ပြပါ စိတ်(၃)မျိုးအနက် ဉာဏ်ကို ရှေ့မထားနိုင်သောစိတ်မှာ အတ္တဗဟိုပြုစိတ်သာ ဖြစ်တော့၏။ ယင်းစိတ်၏ ရှေ့မှာ၊ နောက်မှာ အတ္တတွေသာ ထူထဲစွာ ရှိနေ၏။ အတ္တကိုရှေ့ထား နောက်ပါးမှာ အတ္တကပ်လိုက်နေသောကြောင့်ဖြစ်၏။ အတ္တကို ဗဟိုပြုလျက် အတ္တတွေသာ ရှေ့နောက်ရံနေသော ယင်းစိတ်မျိုးကား မလိုလားအပ်သောစိတ်ဖြစ်၏။ မမွေးအပ်သော စိတ်ဖြစ်၏။ မထားအပ်သောစိတ်ဖြစ်၏။ မရှိအပ်သော စိတ်ဖြစ်၏။ အကြောင်းမှာ ယင်းစိတ်သည် ပတ်ဝန်းကျင်ကို နွမ်းပါးစေ၊ နိမ့်ကျစေ၊ ရုပ်ထွေးစေ၊ ပူလောင်စေရုံသာမက လောကကို ကျွမ်းသွားအောင် လောင်မြိုက်စေသည့် အဖျက်စိတ်ဖြစ်သောကြောင့် ဖြစ်ပါ၏။

ထားအပ်သောစိတ်

ဉာဏ်ကိုရှေ့ထားသော စိတ်မှာ အတ္တ ပရမျှတစိတ်ဖြစ်၏။ ယင်းစိတ်သည်သာ လောကကို အလှဆင်နိုင်၏။ လောကအပြုံးကို မဆိတ်သုဉ်းအောင် ဆက်ပေးနိုင်၏။ လောကအေးချမ်းခြင်းကို မပျက်ယွင်းအောင် စောင့်ပေးနိုင်၏။ လောကသာယာမှုကို ပေါင်းစုဆုံစည်းပေးနိုင်၏။ ဉာဏ်ကိုရှေ့ထား နောက်ပါး၌ကပ်လိုက်လျက်ရှိသော ယင်းစိတ်သည် လိုလားအပ်သောစိတ်၊ မြတ်နိုးအပ်သောစိတ်၊ မွေးမြူအပ်သောစိတ်၊ တိုးပွားအပ်သောစိတ်၊ ဖြန့်ချိအပ်သောစိတ်ဖြစ်၏။ အကြောင်းမှာ ယင်းစိတ်သည် လောကအား ကောင်းကျိုးကိုသာ သက်ရောက်စေသည့် အပြုစိတ်ဖြစ်သောကြောင့် ဖြစ်၏။

မြန်မာ့မင်္ဂလာစိတ်

ဤတွင် ဖော်ပြပါ စိတ်နှစ်မျိုးဖြင့် မြန်မာ့အစဉ်အလာစိတ်ကို စိတ်ဖြာကြည့်ပါမည်။ မြန်မာ့အစဉ်အလာစိတ်သည် မင်္ဂလာစိတ်ပင်ဖြစ်၏။ မင်္ဂလာအလေ့အထုံတို့ဖြင့် မွမ်းထုံထားသော စိတ်ဖြစ်၏။ မိဘဆရာတို့အပေါ် ရိုသေလေးစားကာ စကားနားထောင်တတ်၍ မိမိကိုယ်ကို နှိမ့်ချရိုကျိုးသောစိတ်ဖြစ်၏။ ဘဝနှင့်ဝန်းကျင်ကို အညမညပြုတတ်သောစိတ်ဖြစ်၏။ ပတ်ဝန်းကျင်ကို အမြဲထည့်တွက်တတ်သောစိတ်ဖြစ်၏။ ဝန်းကျင်အပေါ်အလေးထားသလို ဝန်းကျင်အလယ်တင့်တယ်တောက်ပသော မိမိဖြစ်အောင် လုံ့လထားတတ်သောစိတ်ဖြစ်၏။ လူကို လူဟုမြင်ပြီး လူတိုင်းအပေါ် အပြုံးပွင့်ပေးနိုင်သော စိတ်ဖြစ်၏။ လူ့စည်းကမ်း လူ့ကျင့်ဝတ်ကို ကောင်းစွာနားလည်ကျင့်သုံးသော စိတ်ဖြစ်၏။ စာနာသက်ညှာမှု ခွင့်လွှတ်သည်းခံမှုတို့ဖြင့် ကရုဏာပြည့်သောစိတ်ဖြစ်၏။ အကယ်၍ အခက်အခဲများကြုံလာလျှင်မူ တုန်လှုပ်ချောက်ချားခြင်းထက် ရင်ဆိုင်ကျော်လွှားခြင်းကို ဦးတည်သောစိတ်ဖြစ်၏။ ယင်းစိတ်ကို မြန်မာ့သမိုင်းက ထင်ဟပ်ဖော်ကျူးလျက်ရှိ၏။ တကယ်တော့ မြန်မာ့အစဉ်အလာစိတ်ဟူသည် မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်လျက်ရှိကြသည့် တိုင်းရင်းသားအားလုံးတို့၏ အစဉ်အလာစိတ်ရင်း ဖြစ်ပါသည်။

စိတ်၏ပြည့်ခြင်းနှင့်လျော့ခြင်း

မြန်မာနိုင်ငံသား တိုင်းရင်းသားမျိုးနွယ်အားလုံးတို့၌ မြန်မာ့အစဉ်အလာ စိတ်ရင်းသည် သမိုင်းဦးကာလကတည်းက တည်ရှိပြီးသားဖြစ်ခဲ့ပြီ။ ယင်းစိတ်သည် သမိုင်း၏အလှည့်အပြောင်း (သို့မဟုတ်)ကာလ၏ အရွေ့အလားတို့နှင့်အတူ တစ်ခါတစ်ခါ ပိုမိုပြည့်ဝတက်ကြွလာပြီး တစ်ခါတစ်ခါ နိမ့်ကျနွမ်းပါးလျော့သွားသည်များ ရှိကြောင်းကိုတော့ ဝန်ခံရမည်သာဖြစ်၏။ သို့သော် ယင်းအစဉ်အလာစိတ်ရင်းသည် ဘယ်သောအခါတုန်းကမျှ လုံးဝချုပ်ငြိမ်းသွားခဲ့ဖူးသည်ဟူ၍တော့ မရှိ။

စိတ်ကိုဖြည့်ကြစို့

ယနေ့ကာလ မြန်မာနိုင်ငံတော်အတွက် ပြည်သူအားလုံးက မိမိကိုယ်မိမိဖြည့်ပေးနေကြရမည့်စိတ်မှာ ယင်းမြန်မာ့အစဉ်အလာစိတ်(သို့မဟုတ်) အတ္တ ပရ ညီမျှစိတ်(သို့မဟုတ်) ဉာဏ်ကိုရှေ့ထား နောက်ပါး၌ စိတ်ကပ်လိုက်တတ်သည့် အလေ့အထဖြစ်၏။

အရေးရေး အရာရာတိုင်း အတ္တကိုရှေ့တန်းမတင်ဘဲ အတ္တ ပရမျှတစွာ မြော်မြင်ကျင့်သုံးရင်း စည်းကမ်းပြည့် ဒီမိုကရေစီနိုင်ငံတော်သစ်ခရီး အပြီးတိုင် ချီတက်နိုင်စေကြောင်း ဉာဏ်ကောင်း၊ စိတ်ကောင်းတို့ဖြင့် ထုံလှောင်းနေကြရမည် ဖြစ်ပါသတည်း။ ။

နိုင်ငံတကာအားကစားမြင်ကွင်း နိုင်ငံတကာအားကစားမြင်ကွင်း

မောင်မောင်မြင့်ဆွေ – စုစည်းသည်

အီတလီစီးရီးအေ ပွဲစဉ်(၃၆)ယှဉ်ပြိုင်

အေစီမီလန်တို့နိုင်ပွဲရ၊ ဂျူဗင်တပ်စ်နှင့်ပွဲတူတစ်မှတ်သာကွာ

ရောမ မေ ၃

အီတလီစီးရီးအေ ပွဲစဉ်(၃၆)ကို မေ ၃ ရက် နံနက်က ဆက်လက်ယှဉ်ပြိုင်ကစားရာ အေစီမီလန်နှင့်အတ္တလန္တာအသင်းတို့ပွဲတွင် အေစီမီလန်က နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိပြီး တန်းစီဇယားထိပ်မှ ဂျူဗင်တပ်စ်ကို ဖိအားပေးထားနိုင်ပြီဖြစ်သည်။

အိမ်ကွင်း၌ ကစားရသော အေစီမီလန်အသင်းသည် ဂျူဗင်တပ်စ်အသင်းကို ခြိမ်းခြောက်ဖိအားပေးရန် နိုင်ပွဲလိုအပ်လျက်ရှိရာ ပွဲအစမှာပင် တိုက်စစ်ဖွင့်ကစားခဲ့သည်။ ထို့ကြောင့် ပွဲချိန် ၉ မိနစ်၌ပင် မွန်တာရီက အေစီမီလန်အတွက် အဖွင့်ဂိုး သွင်းယူပေးခဲ့သည်။

သို့သော် ဧည့်သည်အတ္တလန္တာတို့က ချေပဂိုးရရှိရေး အဝင်အထွက်ရဲရဲဖြင့် ကစားခဲ့မှုကြောင့် အေစီမီလန်တို့ နောက်ထပ်ဂိုးများ မသွင်းနိုင်ခဲ့ချေ။ ပွဲချိန် မိနစ် ၉၀ ရောက်မှသာ ရော်ဘင်ဟိုက အေစီမီလန်အတွက် တစ်ဂိုးသွင်းယူပေးခဲ့သဖြင့် ပွဲအပြီး အေစီမီလန်တို့က နှစ်ဂိုးပြတ်ဖြင့် နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။ (ဝဲပုံ)

အေစီမီလန်တို့ ယခုပွဲအနိုင်ရရှိသဖြင့် တန်းစီဇယားထိပ်မှ ဂျူဗင်တပ်စ်နှင့် ပွဲတူ တစ်မှတ်အကွာဖြင့် ဆက်လက်ဖိအားပေးထားနိုင်ခဲ့သည်။

နောက်ထပ်ပွဲစဉ်အဖြစ် ဂျူဗင်တပ်စ်နှင့် လက်ချီတို့ပွဲတွင် ဂျူဗင်တပ်စ်တို့ တစ်ဂိုးစီသရေပွဲ ဖြစ်ခဲ့သဖြင့် တစ်မှတ်သာရရှိပြီး အဖိုးတန် နှစ်မှတ်ဆုံးရှုံးခဲ့ရသည်။ ဂျူဗင်တပ်စ်အသင်းသည် ပွဲအစ ၈ မိနစ်၌ပင် မာချီစီရိုက ဂိုးသွင်းယူပေးနိုင်ခဲ့သည်။

ပွဲချိန် ၅၄ မိနစ်၌ လက်ချီအသင်းမှ ကွာရာဒို နှစ်ဝါတစ်နီဖြင့် အထုတ်ခံခဲ့ရပြီး ၁၀ ဦးတည်းနှင့် ကစားခဲ့ရသည်။ ၁၀ ဦးတည်းနှင့် ကစားရသော လက်ချီတို့က ပွဲချိန် ၈၅ မိနစ်၌ ဘာတိုလာမီက ချေပဂိုးသွင်းယူခဲ့သဖြင့် ပွဲအပြီး တစ်ဂိုးစီ သရေပွဲဖြစ်ခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

အခြားပွဲရလဒ်

လာဇီယို	၁ - ၁	ဆီနာ
ဂျီနိုအာ	၂ - ၁	ကာဂလီယာရီ
ပါးမား	၃ - ၁	အင်တာမီလန်

ဒဗလျူဘီအေ စူပါဝဲလ်တာဝိတ်ချန်ပီယံ မေဝဲသာနှင့် စိန်ခေါ်သူ ကော့တိုတို့ ထိုးသတ်မည်

လပ်စ်ဗီးဂတ်စ် မေ ၃

အမေရိကန်လက်ဝှေ့သမား ဖလွိုက် မေဝဲသာနှင့် စိန်ခေါ်သူ ပွာတိုရီကိုနိုင်ငံသား ကော့တို **(အပေါ်ယာပုံ)**တို့ အမေရိကန်နိုင်ငံ လပ်စ်ဗီးဂတ်စ်မြို့၌ မကြာမီ ယှဉ်ပြိုင်ထိုးသတ်ကြတော့မည်ဖြစ်ကြောင်း လက်ဝှေ့ပွဲ စီစဉ်သူများက မေ ၃ ရက်၌ သတင်းထုတ်ပြန်သည်။ ဒဗလျူဘီအေ စူပါဝဲလ်တာဝိတ်ချန်ပီယံ ခါးပတ်လုပွဲအဖြစ် ယခုယှဉ်ပြိုင်မည့်ပွဲတွင် စိန်ခေါ်သူ မီဂွယ်ကော့တိုက မိမိသည် မေဝဲသာအား အလဲထိုး အနိုင်ယူမည်ဟု ကြုံးဝါးထားသည်။

လက်ရှိဒဗလျူဘီအေ စူပါဝဲလ်တာဝိတ်ချန်ပီယံဖြစ်သူ မေဝဲသာက မိမိသည် ယခုပွဲ၌ ချန်ပီယံခါးပတ်ကို ကာကွယ်နိုင်မည်ဟု ယုံကြည်မှုအပြည့်ရှိနေကြောင်း ထုတ်ဖော် ပြောကြားသည်။

မေဝဲသာသည် လက်ဝှေ့ပွဲစုစုပေါင်း ၄၂ ပွဲ ထိုးသတ်ခဲ့ရာ တစ်ပွဲမျှ ရှုံးပွဲမရှိသေးသည့် လက်ဝှေ့သမားဖြစ်သည်။ အနိုင်ပွဲများအနက် ၂၆ ပွဲမှာ အလဲထိုးပွဲများ ဖြစ်ကြသည်။ မီဂွယ်ကော့တိုမှာ လက်ဝှေ့ပွဲပေါင်း ၃၇ ပွဲ ထိုးသတ်ခဲ့ရာ ရှုံးပွဲမရှိ စံချိန်တင်ထားသူဖြစ်သည်။

အနိုင်ပွဲများအနက် လက်ဝှေ့ပွဲ ၃၀ မှာ အလဲထိုးပွဲများဖြစ်သည်။ ၎င်းတို့နှစ်ဦး၏ လက်ဝှေ့ပွဲမှာ ပွဲကြီးပွဲကောင်း တစ်ပွဲဖြစ်လာမည်ဟု ပွဲစီစဉ်သူများက ပြောကြားလျက်ရှိသည်။ **(အင်တာနက်)**

မွန်နစ်အေတီပီတင်းနစ်ပြိုင်ပွဲ တိုမီဟက်စ် တတိယအဆင့်သို့တက်ရောက်

ဂျာမနီတင်းနစ်သမား တိုမီဟက်စ်။

ဘာလင် မေ ၃

ဂျာမနီနိုင်ငံတွင် ကျင်းပလျက်ရှိသော မွန်နစ်အေတီပီတင်းနစ်ပြိုင်ပွဲ အမျိုးသားတစ်ဦးချင်းပြိုင်ပွဲများကို မေ ၃ ရက်က ဆက်လက်ယှဉ်ပြိုင်ကစားရာ ဒုတိယအဆင့်ပွဲစဉ်များ၌ တိုမီဟက်စ်က ဆင်ဂါအား အနိုင်ရရှိပြီး တတိယအဆင့်သို့ တက်ရောက်နိုင်ခဲ့သည်။

ယှဉ်ပြိုင်ကစားခဲ့

ဂျာမနီတင်းနစ်သမား တိုမီဟက်စ်သည် ပြင်သစ်တင်းနစ်သမား ဆင်ဂါအား ၆-၇(၂/၇)၊ ၆-၄၊ ၆-၄ဖြင့် နိုင်ပွဲရရှိခဲ့သည်။ ယင်းပွဲစဉ်ကို တိုမီဟက်စ်သည် အချိန် တစ်နာရီခွဲကြာမျှ ယှဉ်ပြိုင်ကစားခဲ့ရသည်။ ထို့အတူ ဆိုက်ပရပ်စ်မှ ဘက်ဒါတစ်က ဂျာမနီမှဘရောင်းအား ၁-၆၊ ၆-၄၊ ၆-၄ ဖြင့်နိုင်ပွဲရရှိခဲ့သည်။ တစ်ဖန် ခရိုအေးရှားမှ မာရင်စီလစ်က ဂျာမနီမှ ဘာချန်ဂါအား ၆-၃၊ ၆-၂ ဖြင့်နိုင်ပွဲရရှိခဲ့ပြီး ဒုတိယအဆင့်သို့ တက်ရောက်ခဲ့ကြသည်။ **(အင်တာနက်)**

နိုင်ငံတကာအားကစားသတင်း နိုင်ငံတကာအားကစားသတင်း

မြင့်မောင်စိုး – စုစည်းသည်

ရီးရဲမက်ဒရစ်အသင်း အက်သလက်တစ်ဘီလ်ဘာအို အသင်းအား အနိုင်ရပြီးနောက် ဤသို့ အောင်ပွဲခံခဲ့ကြသည်။

စပိန်လာလီဂါပြိုင်ပွဲ ရီးရဲမက်ဒရစ်ဖလားရပြီ

မက်ဒရစ် မေ ၃

ရီးရဲမက်ဒရစ်နှင့် အက်သလက်တစ်ဘီလ်ဘာအိုအသင်းတို့သည် မေ ၃ ရက် နံနက်က စပိန်လာလီဂါပွဲအဖြစ် ယှဉ်ပြိုင်ကစားကြရာ ရီးရဲမက်ဒရစ်က သုံးဂိုးပြတ်ဖြင့် နိုင်ပြီး ၂၀၀၈ ခုနှစ်နောက်ပိုင်း စပိန်လာလီဂါဖလားကို ပထမဆုံးအကြိမ်အဖြစ် ဆွတ်ခူးရရှိသွားခဲ့သည်။

ရီးရဲမက်ဒရစ်အတွက် အနိုင်ဂိုးများကို ဟီဂွေအင်၊ မီဆွတ်အိုဇီးလ်၊ စီရိုနယ်ဒိုတို့က သွင်းယူပေးခဲ့သည်။ ရီးရဲမက်ဒရစ်တို့ ယင်းပွဲအနိုင်ရပြီးနောက် ၃၂ လုံးမြောက် လိဂ်ဖလားအဖြစ် ဆွတ်ခူးခဲ့ခြင်းလည်းဖြစ်သည်။

ပြိုင်ဘက် ဘာစီလိုနာအသင်းက မာလာဂါအသင်းကို လေးဂိုး-တစ်ဂိုးဖြင့် နိုင်သည်။ မော်ရင်ဟို၏လူများသည် ဘာစီလိုနာအသင်းကို ခုနစ်မှတ်အသာ ရထားသည်။ လက်ကျန်ပွဲနှစ်ပွဲကစားရန် ကျန်သေးသည်။ ရီးရဲမက်ဒရစ်တို့ ယင်းနှစ်ပွဲ ရှုံးသည်ဖြစ်စေ၊ နိုင်သည်ဖြစ်စေ ဖလားဆွတ်ခူးခဲ့ပြီဖြစ်သည်။

ပေါ်တူဂီသား နည်းပြမော်ရင်ဟိုသည် နိုင်ငံလေးနိုင်ငံတွင် လိဂ်ဖလားများ ဆွတ်ခူးပေးနိုင်ခဲ့သည်။ ပေါ်တို၊ ချယ်လ်ဆီး၊ အင်တာမီလန်တို့ပြီးနောက် ရီးရဲမက်ဒရစ်ကို နောက်ဆုံးဖလား ဆွတ်ခူးပေးလိုက်ခြင်းဖြစ်သည်။

ဆွတ်ခူးပေး

ချန်ပီယံလိဂ် အကြိုဗိုလ်လုပွဲတွင် ဘိုင်ယန်မြူးနစ်ကို ရှုံးနိမ့်ပြီးထွက်ခဲ့ရသော်လည်း စပိန်လာလီဂါဖလားကို ဆွတ်ခူးပေးနိုင်ခဲ့ပြီဖြစ်၍ ရီးရဲမက်ဒရစ်ပရိသတ်များအတွက် ကျေနပ်မှုကို ရရှိစေခဲ့သည်။ **(အင်တာနက်)**

ဘာစီလိုနာတိုက်စစ်မှူး မက်ဆီ ဥရောပတွင် ဂိုးအများဆုံးသွင်းပြီ

ဘာစီလိုနာ မေ ၃

ဘာစီလိုနာတိုက်စစ်မှူး လီယိုနယ်မက်ဆီသည် တစ်ရာသီတည်းတွင် ဥရောပ၌ ဂိုးအများဆုံးသွင်းယူသည့် ဘောလုံးသမား ဖြစ်လာပြီဖြစ်သည်။

သူသည် မေ ၃ ရက် နံနက်ပိုင်းက ဘာစီလိုနာအသင်းနှင့် မာလာဂါအသင်းတို့ စပိန်လာလီဂါပွဲအဖြစ် ယှဉ်ပြိုင်ကစားကြရာ မာလာဂါကို ဘာစီလိုနာက လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရလိုက်သည်။ ယင်းပြိုင်ပွဲတွင် မက်ဆီ **(ယာပုံ)**က ဘာစီလိုနာအသင်းအတွက် ဟက်ထရစ်ဂိုး သွင်းယူပေးခဲ့သည်။ ယင်းဟက်ထရစ်ဂိုးတွင် နှစ်ဂိုးမှာ ပယ်နယ်တီဂိုးဖြစ်သည်။

မက်ဆီသည် ဥရောပ၌ တစ်ရာသီတည်းတွင် ၆၈ ဂိုး အထိ သွင်းယူနိုင်ခဲ့သည်။ ၎င်းမတိုင်မီက ဘိုင်ယန်မြူးနစ်ကစားသမား ဂတ်မူလာသည် ၁၉၇၂-၁၉၇၃ ဘောလုံးရာသီတွင် ၆၇ ဂိုး အထိသာ သွင်းယူနိုင်ခဲ့သည်။ မက်ဆီသည် ယခုနှစ်တစ်နှစ်တည်း ၆၈ ဂိုးအထိ သွင်းယူခဲ့သဖြင့် ဂိုးအများဆုံး သွင်းသူဖြစ်လာသည်။

အာဂျင်တီးနားနိုင်ငံသား ကမ္ဘာ့အကောင်းဆုံးဘောလုံးသမား မက်ဆီသည် စပိန်လာလီဂါတွင် ၄၆ ဂိုး သွင်းယူခဲ့၍ ရီးရဲမက်ဒရစ်တိုက်စစ်မှူး စီရိုနယ်ဒိုထက် နှစ်ဂိုးအသာရခဲ့သည်။ မူလာသည် သူ၏ဘောလုံးသမားသက်တမ်းတစ်လျှောက်တွင် ပွဲပေါင်း ၇၀၉ ပွဲကစားခဲ့ရာ ၆၅၅ ဂိုးအထိ သွင်းယူခဲ့သည်။ ၁၉၇၂ ခုနှစ်က ဥရောပချန်ပီယံဖလားနှင့် ၁၉၇၂ ခုနှစ်က ကမ္ဘာ့ဖလားတို့ကို ဆွတ်ခူးနိုင်ခဲ့သည်။ **(အင်တာနက်)**

တိုက်စစ်မှူး ပါပစ်ဆစ်ဆေး၏ဂိုးများဖြင့် ချယ်လ်ဆီးကို နယူးကာဆယ် အနိုင်ယူ

လန်ဒန် မေ ၃

ချယ်လ်ဆီးနှင့် နယူးကာဆယ်အသင်းတို့သည် ပရီမီယာလိဂ် ပွဲစဉ် (၃၆) လက်ကျန်ပွဲအဖြစ် မေ ၂ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ နယူးကာဆယ်က ချယ်လ်ဆီးကွင်း၌ နှစ်ဂိုးပြတ်ဖြင့် အနိုင်ရလိုက်သည်။ သို့သော် စပါးနှင့် ရမှတ်တူ ဂိုးကွာခြားချက်ဖြင့် နံပါတ် ၅ နေရာတွင် ရပ်တည်နေသည်။

နယူးကာဆယ် တိုက်စစ်မှူး ပါပစ်ဆစ်ဆေး ဂိုးသွင်းပြီးအောင်ပွဲခံနေစဉ်။

နယူးကာဆယ် ကစားသမား ပါပစ်ဆစ်ဆေးသည် နယူးကာဆယ်အသင်းအတွက်အနိုင်ဂိုးနှစ်ဂိုးစလုံးကို သွင်းယူပေးခဲ့သည်။ ၎င်းသည် ပွဲစပြီး ၁၃ မိနစ်တွင် တစ်ဂိုး၊ ပွဲပြီးခါနီးတွင် တစ်ဂိုးသွင်းယူပေးခဲ့ခြင်းဖြစ်သည်။

ဆစ်ဆေးသည် ပရီမီယာလိဂ်ပွဲ ၁၂ ပွဲ ကစားခဲ့ရာ ၁၃ ဂိုး သွင်းယူပေးနိုင်ခဲ့သည်။ ချယ်လ်ဆီးအသင်းသည် မေ ၁၉ ရက်တွင် ချန်ပီယံလိဂ်ဗိုလ်လုပွဲ ဘိုင်ယန်မြူးနစ်နှင့် ကစားရမည်ဖြစ်၍ ချယ်လ်ဆီးနည်းပြ ဒီမက်တီယိုက အကောင်းဆုံးကစားသမားများကို ထုတ်မသုံးဘဲ ကစားခဲ့သည်။ ချယ်လ်ဆီးတို့ ကစားကွက်ပျက်သွား၍ နယူးကာဆယ်က နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ကစားနိုင်ခဲ့သည်။

ဆစ်ဆေးသည် ဆီနီဂေါတိုက်စစ်မှူးဖြစ်သည်။ ဇန်နဝါရီလအတွင်းက ဖရိုင်းဘတ်အသင်းသား ၎င်းအား နယူးကာဆယ်က ပေါင် ၁၀ သန်းဖြင့် ဝယ်ယူခဲ့ခြင်းဖြစ်သည်။ နယူးကာဆယ်အသင်းသည် မကြာမီကမှ ခြေစွမ်းပြလာပြီး အမှတ်ပေးဇယား နံပါတ် ၅ နေရာသို့ တက်ရောက်လာခဲ့သည်။ **(အင်တာနက်)**

ကမ္ဘာတစ်လွှားထူးထူးခြားခြား ကမ္ဘာတစ်လွှားထူးထူးခြားခြား ကမ္ဘာ တစ်လွှားထူးထူးခြားခြား

အာကာဟိန်း-စုစည်းသည်

ဝေဟင်မှ လေထီးဖြင့်ခုန်ချပြနိုင်သည့် ကမ္ဘာ့အသက်အကြီးဆုံး အမျိုးသမီးကြီး

လန်ဒန် မေ ၃

စကော့တလန်မှ အငြိမ်းစားဝန်ထမ်းတစ်ဦးဖြစ်သည့် အသက် ၁၀၄ နှစ် အရွယ်ရှိ အမျိုးသမီးကြီးတစ်ဦးသည် ဝေဟင်မှလေထီးဖြင့်ခုန်ချသည့် အသက်အကြီးဆုံး လေထီးခုန် အမျိုးသမီးကြီးအဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြထားကြောင်း မေ ၂ ရက်တွင် သတင်းဖော်ပြသည်။

စံချိန်ချိုး

ပက်ရိုင်းမက်အယ်ပိုင်းအမည်ရှိ အဆိုပါအမျိုးသမီးကြီးသည် ဆိုက်ပရပ်စ်နိုင်ငံမြောက်ပိုင်း ဝေဟင်အမြင့်ပေ ၂၄၀၀ မှ လေထီးဖြင့်အောင်မြင်စွာခုန်ချနိုင်ခဲ့ခြင်းဖြစ်သည်။ ယခုကဲ့သို့ ဝေဟင်မှလေထီးဖြင့်ခုန်ချခြင်းကို လွန်ခဲ့သည့် ငါးနှစ်ခန့်က အသက် ၁၀၁ နှစ်အရွယ် အမေရိကန်အမျိုးသမီးကြီး စွမ်းဆောင်ပြသနိုင်ခဲ့သည့် ဂင်းနက်စ်မှတ်တမ်းကို စံချိန်ချိုးနိုင်ခဲ့သည်။ **(အပေါ်ပုံ)**

ယခုအကြိမ်မှာ ကမ္ဘာ့အသက်အကြီးဆုံးအမျိုးသမီးတစ်ဦး၏ လေထီးခုန်ဆင်းခြင်း ကမ္ဘာ့စံချိန်သစ်ကို ထပ်မံတင်နိုင်ခဲ့ခြင်းဖြစ်သည်။ မက်အယ်ပိုင်းတွင် သားသမီးနှစ်ဦး၊ မြေးလေးဦးနှင့် မြစ်နှစ်ဦးတို့ရှိသည်။

မိမိယခုလို ကမ္ဘာစံချိန်သစ်တင်နိုင်မှုကြောင့် ဝမ်းသာဂုဏ်ယူကြောင်း၊ နောင်နှစ်များတွင်လည်း ကမ္ဘာ့စံချိန်ထပ်မံချိုးနိုင်အောင် ကြိုးစားသွားမည်ဖြစ်ကြောင်း မက်အယ်ပိုင်းကပြောကြားသည်။ အမျိုးသမီးကြီးမက်အယ်ပိုင်းသည် ယခုအခါ ဘီးတပ်လှည်းဖြင့်သာသွားလာနိုင်သည့် အနေအထားဖြစ်သော်လည်း ကျန်းမာရေးကောင်းမွန်လျက်ရှိသည်။ **(အင်တာနက်)**

ကမ္ဘာပေါ်၌ အသက်အငယ်ဆုံး ကွန်ပျူတာကျွမ်းကျင်သူ

ဒါကာ မေ ၃

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့မှ အသက်ခြောက်နှစ်အရွယ် လူငယ်လေးတစ်ဦးသည် ကမ္ဘာပေါ်တွင် အသက်အငယ်ဆုံး ကွန်ပျူတာကျွမ်းကျင်သူအဖြစ် ဂင်းနက်စ်မှတ်တမ်းတွင် မေ ၂ ရက်၌ ဖော်ပြခံရသည်။ (ယာပုံ)



ကျွမ်းကျင်စွာ

ဝါဆစ်ဖာဟင်ရို့ကိုသာအမည်ရှိ သားငယ်လေးသည် လာမည့် ဇန်နဝါရီလ၌ အသက်ခြောက်နှစ်ပြည့်မည်ဖြစ်သည်။ သူသည် အသက် ၂ နှစ်အရွယ်ကပင် ကွန်ပျူတာကို ကျွမ်းကျင်စွာ ကိုင်တွယ်နိုင်သူဖြစ်ပြီး ဗီဒီယိုဂိမ်းများကို ကောင်းမွန်စွာ ကစားနိုင်ခဲ့သူဖြစ်သည်။ ထို့အပြင် ကွန်ပျူတာပရိုဂရမ်များကိုလည်း ရေးနိုင်သူဖြစ်ပြီး အချို့ဆော့ဖ်ဝဲများကိုလည်း ကိုယ်တိုင်ရေးနိုင်သူတစ်ဦးဖြစ်ရာ ကမ္ဘာကျော်မိုက်ခရိုဆော့ဖ်ကုမ္ပဏီက စိတ်ဝင်စားပြီး ဂရုစိုက်စောင့်ကြည့်နေခြင်းခံရသည့် လူငယ်လေးလည်း ဖြစ်သည်။ အသက် ၂ နှစ်အရွယ်ကပင် ကွန်ပျူတာကီးဘုတ်ဖြင့် စာများကို ရိုက်နိုင်နေပြီး မိဘများနှင့် အခြားသူများက သင်ကြားပြသပေးခြင်းမရှိဘဲ ပင်ကိုပါရမီ စွမ်းရည်ဖြင့် အံ့သြဖွယ်ရာ တတ်ကျွမ်းနေခြင်းဖြစ်သည်။ သို့သော် ဝါဆစ်ဖာဟင်ရို့ကိုသာသည် ကွန်ပျူတာကို စိတ်ဝင်စားပြီး ကျွမ်းကျင်သူတစ်ဦးဖြစ်သော်လည်း အခြားသူငယ်ချင်းများနှင့်အတူ ဘောလုံးကစားခြင်း၊ တေးဂီတ နားထောင်ခြင်းတို့ကိုလည်း ပျော်ရွှင်စွာဖြင့် ဆင်နွှဲလေ့ရှိသည်။ ထို့ကြောင့် ကမ္ဘာပေါ်တွင် အသက်အငယ်ဆုံး ကွန်ပျူတာကျွမ်းကျင်သူအဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခံရသည်။ (အင်တာနက်)

အမြွှာပူးအများဆုံးတက်ရောက်သည့် မက်ဆာချူးဆက်ပြည်နယ်မှ အထက်တန်းကျောင်း

နယူးယောက် မေ ၃

အမေရိကန်နိုင်ငံ မက်ဆာချူးဆက်ပြည်နယ်ရှိ အထက်တန်းကျောင်းတစ်ကျောင်းသည် ကမ္ဘာပေါ်တွင် အမွှာကျောင်းသား ကျောင်းသူအများဆုံးတက်ရောက်သော ကျောင်းအဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခံရသည်။ **(ဝဲပုံ)**

အဆိုပါကျောင်းတွင် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၃၈၀ တက်ရောက်လျက်ရှိရာ၌ အမွှာကျောင်းသား ကျောင်းသူပေါင်း ၁၆ တွဲရှိသည်။ ယင်းကျောင်းတွင် စာသင်ခန်းပေါင်း ၁၃ခန်းရှိရာ အမွှာများချည်းသာထားရှိသော စာသင်ခန်းတစ်ခန်း သီးသန့်ထားရှိသည်။ ၎င်းအထက်တန်းကျောင်းတွင် လာရောက်တက်ရောက်ကြသည့် အမွှာကျောင်းသား ကျောင်းသူများသည် အမွှာများ အများဆုံးရှိသောကျောင်းဟု သိရှိထားသည်မဟုတ်ဘဲ ကျောင်းသို့ လာရောက်အပ်နှံသည့်အခါမှသာ သိရှိကြခြင်းဖြစ်သည်။ ဂင်းနက်စ်မှတ်တမ်းတင်သည့်အဖွဲ့မှ တာဝန်ရှိသူများက အဆိုပါကျောင်း၏မှတ်တမ်း၌ မွေးစာရင်းများ၊ အသက်မှတ်တမ်းကို လာရောက်ကြည့်ရှုစစ်ဆေးခဲ့ရာတွင် အမွှာများဖြစ်ကြောင်း စစ်ဆေးတွေ့ရှိခဲ့ကြသည်။ ထို့ကြောင့် ကမ္ဘာပေါ်တွင် အမွှာအများဆုံးကျောင်းသား ကျောင်းသူများတက်ရောက်သည့် စာသင်ကျောင်းအဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခံရခြင်း ဖြစ်သည်။ **(အင်တာနက်)**

ကျန်းမာရေးသုတ ကျန်းမာရေးသုတ ကျန်းမာရေးသုတ ကျန်းမာရေးသုတ ကျန်းမာရေးသုတ

ကိုယ်ဝန်ဆောင်အမျိုးသမီးများ ပိုးသတ်ဆေးများရှူရှိုက်မိလျှင် ကလေးများ၏ ဉာဏ်ရည်နိမ့်ကျနိုင်

နယူးယောက် မေ ၃

ကိုယ်ဝန်ဆောင်အမျိုးသမီးများသည် သာမန်ပိုးသတ်ဆေးများ ကိုင်တွယ်အသုံးပြုမှုများပြီး ရှူရှိုက်မိလျှင်မွေးဖွားလာသော ကလေးများအတွက် ဦးနှောက်ဉာဏ်ရည်ကို နိမ့်ပါးစေနိုင်ကြောင်း အမေရိကန်သုတေသီများကလေ့လာတွေ့ရှိထားကြောင်း မေ ၁ ရက်တွင် သတင်းဖော်ပြထားသည်။ (အပေါ်ပုံ)

အမေရိကန်အမျိုးသားသိပ္ပံအကယ်ဒမီက Chlorpyrifos ပိုးသတ်ဆေး ထိတွေ့မှုများသော ကိုယ်ဝန်ဆောင်အမျိုးသမီးများအား စမ်းသပ်စစ်ဆေးခဲ့သည်။ ၎င်းပိုးသတ်ဆေးကို လယ်ယာမြေများတွင် ပိုးသတ်ဆေးအဖြစ်အသုံးပြုသူများပြားသည်။

အဆိုပါသုတေသနပညာရှင်များသည် အသက်ငါးနှစ်မှ ၁၁နှစ်အတွင်းရှိ ပိုးသတ်ဆေး ထိတွေ့မှုများသော ကိုယ်ဝန်ဆောင်မိခင်မှ မွေးဖွားလာသည့်ကလေး ၂၀ နှင့် ပိုးသတ်ဆေးထိတွေ့မှုနည်းပါးသော ကိုယ်ဝန်ဆောင်မိခင်မှ မွေးဖွားလာသည့် ကလေးများနှိုင်းယှဉ်ကြည့်ခဲ့သည်။ ပိုးသတ်ဆေးထိတွေ့မှုမရှိသော မိခင်မှမွေးဖွားလာသော ကလေးများမှာ ဉာဏ်ရည်ဉာဏ်သွေးကောင်းကြပြီး ပိုးသတ်ဆေးထိတွေ့မှုများသော မိခင်များမှမွေးဖွားသည့်ကလေးများမှာ ဦးနှောက်ဉာဏ်ရည်နည်းပါးသည်ကို တွေ့ရသည်ဟု ဆိုသည်။ ကိုယ်ဝန်ဆောင်ကာလသည် ကလေးဖွံ့ဖြိုးချိန်ဖြစ်သည်။ ပိုးသတ်ဆေး ဓာတ်ကြွင်းများ ထိတွေ့ကိုင်တွယ်ရာမှ ကလေးများ၏ ဉာဏ်ရည်ဉာဏ်သွေးကို ကျစေသည်ဟု ဆိုသည်။ (အင်တာနက်)

ယောဂကျင့်စဉ်ကျင့်သော ဆယ်ကျော်သက်များ စိတ်နှင့်ရုပ် ကျန်းမာရေးကောင်းမွန်စေနိုင်

ဟားဗတ် မေ ၃

ဆယ်ကျော်သက်အရွယ်များသည် ယောဂကျင့်စဉ်ကို မှန်မှန်လုပ်ခြင်းဖြင့် စိတ်နှင့် ရုပ်ကျန်းမာရေးကို တိုးတက်ကောင်းမွန်စေနိုင်ကြောင်း၊ ဆယ်ကျော်သက်အရွယ်များတွင်ဖြစ်ပွားတတ်သည့် စိတ်ကစားမှု၊ စိတ်မတည်ငြိမ်မှုများကို လျော့ပါးသက်သာစေနိုင်ကြောင်း ဘာမင်ဂမ်အမျိုးသမီးဆေးရုံနှင့် ဟားဗတ်ဆေးကျောင်းမှ သုတေသနပညာရှင်များက လေ့လာတွေ့ရှိထားကြောင်း မေ ၂ ရက်၌ သတင်းဖော်ပြသည်။ **(ယာပုံ)**

လေ့လာတွေ့ရှိ

အဆိုပါသုတေသီများသည် ယောဂကျင့်စဉ်များပြုလုပ်နေသော ဆယ်ကျော်သက် ၅၁ ဦးအား လေ့လာကြည့်ရာ စိတ်ကျန်းမာရေးနှင့် ရုပ်ကျန်းမာရေးကို များစွာအထောက်အကူဖြစ်စေနိုင်ကြောင်း လေ့လာတွေ့ရှိခဲ့သည်ဟုဆိုသည်။ အဆိုပါ ယောဂကျင့်စဉ်များမှာ လေကိုရှူရှိုက်သည့် သမထကျင့်စဉ်ကိုကျင့်ခြင်း၊ ကိုယ်လက်အညောင်းအညာ ဖြေလျော့မှုလေ့ကျင့်ခန်းပြုလုပ်ခြင်း၊ တရားထိုင်ခြင်းတို့ ပါဝင်သည်။ သုတေသီများသည် ယောဂကျင့်စဉ်ကျင့်နေသော ဆယ်ကျော်သက်နှင့် ယောဂကျင့်စဉ်မကျင့်သော ဆယ်ကျော်သက်ဟူ၍ နှစ်တန်း နှစ်စားခွဲခြားပြီး လေ့လာခဲ့သည်။ ယောဂကျင့်စဉ်ကိုကျင့်နေသော ဆယ်ကျော်သက်များသည် ဒေါသကိုထိန်းချုပ်နိုင်စွမ်းရှိခြင်း၊ သည်းခံစိတ်အားကောင်းခြင်းဆိုသည့် စိတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးမှုများကို တွေ့ရသည်ဟု ဆို၏။ ယောဂကျင့်စဉ်ကို မကျင့်သောဆယ်ကျော်သက်များသည် သည်းခံစိတ်အလွန်နည်းပါးပြီး ဒေါသထွက်မှုကို မြန်ဆန်စေခြင်းတို့ တွေ့ရသည်ဟု ဆိုသည်။ **(အင်တာနက်)**



ရင်သားကင်ဆာမဖြစ်မီ စောစီးစွာခန့်မှန်းနိုင်သည့် မျိုးဗီဇတွေ့ရှိ

လန်ဒန် မေ ၃

ရင်သားကင်ဆာရောဂါမဖြစ်ပွားမီ နှစ်များစွာစော၍သိနိုင်သော မျိုးဗီဇတစ်ခုကို တွေ့ရှိထားပြီဖြစ်ကြောင်း မေ ၁ ရက်က အင်တာနက်သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။ **(ဝဲပုံ)**

တွက်ချက်

လန်ဒန်အင်ပါယာကောလိပ်မှ သိပ္ပံပညာရှင်များသည် သွေးနမူနာများကို စမ်းသပ်တွေ့ရှိခဲ့ကြခြင်းဖြစ်သည်။ ၎င်းသိပ္ပံပညာရှင်အဖွဲ့သည် အသက်အရွယ်မျိုးစုံ အမျိုးသမီး ၁၃၈၀ အား သွေးနမူနာများ စစ်ဆေးကြည့်ရာ ရင်သားကင်ဆာဖြစ်ပွားနိုင်သည့် အမျိုးသမီး ၆၄၀ ကို ခန့်မှန်းတွက်ချက်ပေးနိုင်ခဲ့သည်ဟု ဆိုသည်။ ရင်သားကင်ဆာစွန့်စားမှုနှင့် သွေးဖြူဆဲလ်အတွင်းတွေ့ရသော ATM မျိုးဗီဇသည် ရင်သားကင်ဆာဖြစ်ပွားရန် ဆက်စပ်မှုအရှိဆုံးအချက်ကို တွေ့ရှိခဲ့ကြသည်။ ရင်သားကင်ဆာသည် စောစီးစွာသိရှိရလျှင် ကုသပျောက်ကင်းနိုင်သည့် ရောဂါဖြစ်ပြီး ရောဂါဖြစ်ပွားမှုရင့်လာလျှင် ကုသရန်ခက်ခဲသည်။ **(အင်တာနက်)**

ကိုသစ္စာ – စုစည်းသည်

ရုပ်ရှင်မင်းသမီးကြီး ရှာရွန်စတုန်း၏ ဇာတ်ကားသစ်ပြသ

လော့စ်အိန်ဂျလိစ် မေ ၃

ဟောလိဝုဒ်ရုပ်ရှင်မင်းသမီးကြီး ရှာရွန်စတုန်းရဲ့ **Gods Behaving Badly Aphrodite** *ဇာတ်ကားဟာ အမေရိကန်နိုင်ငံတစ်ဝန်းမှာ ရုံတင်ပြသနေပြီဖြစ်ပါတယ်။*

ဒီဇာတ်ကားမှာ ရှာရွန်စတုန်း (ဝဲပုံ) က ပူးတွဲထုတ်လုပ်သူအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့တာဖြစ်ပြီး လူကြိုက်များခဲ့ပေမယ့် ဝင်ငွေအမေရိကန်ဒေါ်လာ ခြောက်သန်းခန့်ပဲ ရရှိခဲ့တယ်လို့ဆိုပါတယ်။ ဒါပေမယ့် သူမကတော့ အောင်မြင်မှုရရှိခဲ့တဲ့ဇာတ်ကားဖြစ်ပြီး ပရိသတ်တွေရဲ့အားပေးမှုကို အပြည့်အဝရရှိခဲ့တယ်လို့ ဆိုပါတယ်။

အသက် ၅၄ နှစ်ရှိပြီဖြစ်တဲ့ရုပ်ရှင်မင်းသမီးကြီးရှာရွန်စတုန်းဟာ **The Mule** *အမည်ရှိတဲ့ဇာတ်ကားသစ်တစ်ကားကိုလည်း ကိုယ်တိုင်ပါဝင်သရုပ်ဆောင်ထားပြီး ကိုယ်တိုင်ပူးတွဲထုတ်လုပ်သူအဖြစ် လုပ်ကိုင်ခဲ့သူဖြစ်ပါတယ်။ ဒါ့အပြင် လာမယ့် ၂၀၁၃ ခုနှစ်မှာ ရိုက်ကူးမယ့်* **Love Lace** *အမည်ရှိ ဇာတ်ကားမှာလည်း ရှာရွန်စတုန်းပါဝင်သရုပ်ဆောင်ဖို့ရှိနေတယ်။ သူမပါဝင်သရုပ်ဆောင်ထားတဲ့* **Attachment** *အမည်ရှိတဲ့ ရုပ်ရှင်ကားသစ်ကတော့ ပြီးခဲ့တဲ့ ဧပြီလမှာ ပြသခဲ့ပြီးဖြစ်လို့ ပရိသတ်တွေ နှစ်သက်နေကြပါတယ်။*

ချစ်ကြိုက်ခဲ့

ရှာရွန်စတုန်းဟာ ၁၉၈၄ ခုနှစ်က ရုပ်မြင်သံကြားရိုက်ကူးထုတ်လုပ်သူ မိုက်ကယ်ဂရင်းဘက်နဲ့ လက်ထပ်ခဲ့ပါတယ်။ မိုက်ကယ်ဂရင်းဘက်နဲ့က **The Vegas Strip** *ရုပ်မြင်သံကြားဇာတ်လမ်းကို ရိုက်ကူးရင်းနဲ့ ချစ်ကြိုက်ခဲ့ကြခြင်းဖြစ်ပါတယ်။*

ဒါပေမယ့် ၁၉၉၀ ခုနှစ်မှာ မိုက်ကယ်ဂရင်းဘက်နဲ့ လမ်းခွဲခဲ့ကြပါတယ်။ ၁၉၉၈ ခုနှစ်မှာတော့ ဖီးလ်ဘရွန်စတိန်းနဲ့ လက်ထပ်ခဲ့ပြီး ၂၀၀၄ ခုနှစ်မှာတော့ ကွာရှင်းခဲ့ပြန်ပါတယ်။ မင်းသမီးရှာရွန်စတုန်းဟာ အနုပညာအလုပ်တွေလုပ်ကိုင်ရင်း တစ်ဦးတည်းလွတ်လပ်စွာ အနုပညာအလုပ်တွေ ဆက်ပြီးလုပ်ကိုင်နေပါတယ်။ (အင်တာနက်)

ရုပ်ရှင်အော်စကာဆုချီးမြှင့်ပွဲ ကျင်းပမည့်ကဇာတ်ရုံ ဒိုလ်ဘိုင်ကဇာတ်ရုံကို ရွေးချယ်

လော့စ်အိန်ဂျလိစ် မေ ၃

လာမည့် ရုပ်ရှင်အော်စကာဆုချီးမြှင့်ပွဲကို လော့စ်အိန်ဂျလိစ်မြို့ရှိ ကိုဒက်ကဇာတ်ရုံ **(ယာပုံ)**တွင် မပြုလုပ်တော့ဘဲ ဒိုလ်ဘိုင်ကဇာတ်ရုံ၌ ကျင်းပရန်ရွေးချယ်လိုက်ပြီဖြစ်ကြောင်း မေ ၂ ရက်တွင် သတင်းထုတ်ပြန်သည်။

အော်စကာဆုရွေးချယ်ချီးမြှင့်ရေးအဖွဲ့က လာမည့်အော်စကာဆုချီးမြှင့်ပွဲကို နေရာရွှေ့ပြောင်းကျင်းပမည်ဟု ကြေညာခဲ့ပြီးနောက် နေရာ ၁၀ နေရာအတွင်းမှ ဒိုလ်ဘိုင်ကဇာတ်ရုံကို ရွေးချယ်ခဲ့ခြင်းဖြစ်သည်။ ယခုအခါ ဒိုလ်ဘိုင်ကဇာတ်ရုံ ပိုင်ရှင်များနှင့် နှစ် ၂၀ သက်တမ်းရှိ စာချုပ်ချုပ်ဆိုမည်ဖြစ်သည်။ ဒိုလ်ဘိုင်ကဇာတ်ရုံသည် ဧရိယာအကျယ်အဝန်း ၁၈၀၀၀၀ စတုရန်းပေရှိသည်။ ရုပ်မြင်သံကြားနည်းစနစ်များ ကောင်းမွန်ပြီး အော်စကာဆုချီးမြှင့်ပွဲကျင်းပရန် အသင့်တော်ဆုံးဖြစ်ကြောင်း ရွေးချယ်ရေးအဖွဲ့က ဆုံးဖြတ်ခဲ့သည်။ ယခုအခါ ဒိုလ်ဘိုင်ကဇာတ်ရုံတွင် အော်စကာဆုချီးမြှင့်ပွဲကျင်းပရန်အတွက် လာမည့်နှစ် ၂၀၃၃ ခုနှစ်အထိ စာချုပ်ချုပ်မည်ဖြစ်သည်။ ယခင် ကိုဒက်ကဇာတ်ရုံနှင့် ၂၀၀၀ ပြည့်နှစ်ကစတင်ကာ နှစ် ၂၀ စာချုပ်ချုပ်ဆိုထားသော်လည်း ယခုနှစ်အစောပိုင်းက ၎င်းကိုဒက် ကဇာတ်ရုံပိုင်ရှင်များက ဒေဝါလီခံခဲ့သဖြင့် ယခုကဲ့သို့ နေရာပြောင်းရွှေ့ကျင်းပခြင်းဖြစ်သည်။ **(အင်တာနက်)**

ဟောင်ကောင်ရုပ်ရှင်မင်းသား အီကင်ချန်နှင့် ဟောင်ကောင်ရုပ်ရှင်မင်းသမီး ယိုယိုမန်တို့ လက်ထပ်မည်

ဟောင်ကောင် မေ ၃

ဟောင်ကောင်ရုပ်ရှင်မင်းသား အီကင်ချန်နှင့် ဟောင်ကောင်ရုပ်ရှင်မင်းသမီး ယိုယိုမန်တို့လက်ထပ်ကြတော့မည်ဖြစ်ကြောင်း ရုပ်ရှင်မင်းသား အီကင်ချန်က သတင်းထောက်များနှင့် တွေ့ဆုံစဉ် မေ ၂ ရက်က ထုတ်ဖော်ပြောကြားသည်။

မကြာမီလက်ထပ်မည်ဟု ပြောကြားနေပြီး လက်ထပ်ပွဲကျင်းပမည့်ရက်ကို လောလောဆယ်တွင် ထုတ်ဖော်ပြောကြားခြင်းမပြုသေးဘဲ ရက်ပိုင်းအလိုမှသာ ကြေညာမည်ဟုပြောကြားသည်။ လက်ရှိ၌တစ်ဦးနှင့်တစ်ဦး မင်္ဂလာစေ့စပ်လက်စွပ်များဝတ်ဆင်ထားကြပြီး ဖြစ်သည်။

ရုပ်ရှင်မင်းသား အီကင်ချန်သည် အသက် ၄၃ နှစ်အရွယ်ရှိပြီး ရုပ်ရှင်မင်းသမီး ယိုယိုမန်မှာ အသက် ၃၅ နှစ်ရှိနေပြီဖြစ်သည်။ သူတို့နှစ်ဦးသည် မကြာမီက ပြင်သစ်နိုင်ငံ ပါရီမြို့သို့ အပျော်ခရီးထွက်ခဲ့ကြသည်။ **(အပေါ်ပုံ)**

၎င်းတို့နှစ်ဦးသည် သဘောတူစာချုပ်၌ လက်မှတ်ရေးထိုးကြပြီး မင်္ဂလာလက်ထပ်ပွဲကို မကြာမီပြုလုပ်မည်ဟု ရုပ်ရှင်မင်းသား အီကင်ချန်က ပြောကြားသည်။ **(အင်တာနက်)**

ကောင်းမြတ်သူ – စုစည်းသည်

အဆိုတော် ဂျင်နီဖာလိုပက်ဇ် ကမ္ဘာတစ်ဝန်း လှည့်လည်ဖျော်ဖြေမည်

လော့စ်အိန်ဂျလိစ် မေ ၃

ကမ္ဘာကျော်အဆိုတော်တွေဖြစ်တဲ့ ဂျင်နီဖာလိုပက်ဇ်က အမျိုးသားတေးသံရှင်နှစ်ဦးဖြစ်တဲ့ အန်ရစ်ကေးအီဂလက်စီယာနဲ့ ဝစ်ဆင်စိုင်ရန်းဒယ်တို့နဲ့အတူ ဒီနှစ်နွေဦးရာသီမှာ ကမ္ဘာတစ်ဝန်း လှည့်လည်ဖျော်ဖြေသွားဖို့ ကြေညာလိုက်ပါတယ်။ **(ဝဲပုံ)**

လိုပက်ဇ်နဲ့ အီဂလက်စီယာတို့က လော့စ်အိန်ဂျလိစ်မြို့မှာ မေ ၁ ရက်က လှည့်လည်ဖျော်ဖြေမယ့် အစီအစဉ်ကို ကြေညာခဲ့ပါတယ်။ သူတို့သုံးဦးဟာလာမယ့် ဇူလိုင် ၁၄ ရက်မှာ မွန်ထရီရယ်မြို့မှစပြီး လှည့်လည်ဖျော်ဖြေမှာဖြစ်ပါတယ်။ ဒီဖျော်ဖြေပွဲဟာ သမိုင်းတွင်မယ့် ဂီတဖျော်ဖြေပွဲ တစ်ခုလည်းဖြစ်လိမ့်မယ်လို့ ဂျင်နီဖာလိုပက်ဇ်က ပြောပါတယ်။ ဒီခရီးစဉ်မှာ ဂျင်နီဖာလိုပက်ဇ်ရဲ့ အသက်လေးနှစ်အရွယ် အမြွှာသမီးနှစ်ဦးဖြစ်တဲ့ မက်စ်နဲ့အမ်မီတို့လည်း လိုက်ပါမယ်လို့ သိရပါတယ်။ **(အင်တာနက်)**

မြောက်အမေရိကတစ်ခွင် လှည့်လည်ဖြေဖျော်မယ့် အဆိုတော် ဒီမီလိုဗာတို

နယူးယောက် မေ ၃

အဆိုတော်ရုပ်ရှင်သရုပ်ဆောင် ဒီမီလိုဗာတိုက မြောက်အမေရိကတစ်ဝန်းသို့ ၂၁ ရက်ကြာ လှည့်လည်ဖျော်ဖြေမယ့်အကြောင်း ကြေညာလိုက်ပါတယ်။ သူမရဲ့ခရီးစဉ်ဟာ ဇွန်လမှာ စတင်မှာဖြစ်ပါတယ်။

ဟော့ချီလီရေ့စ်နဲ့ အောင်းစီးတီးမြို့တွေမှာတော့ အထူးဧည့်သည်တော်အဖြစ် သီဆိုဖျော်ဖြေမှာဖြစ်ပါတယ်။ သူမရဲ့ခရီးစဉ်ကို ဇွန် ၁၂ ရက်မှာ ကယ်လီဖိုးနီးယားပြည်နယ် ဒယ်မာမြို့ကနေစတင်မှာဖြစ်ပါတယ်။

သူမရဲ့ ဂီတလှည့်လည်ဖျော်ဖြေတဲ့ပွဲဟာ နောက်ဆုံးထွက်လာမယ့် **Unbroken** *တေးအယ်လ်ဘမ်အတွက် အထောက်အကူဖြစ်စေလိမ့်မယ်လို့ ဆိုပါတယ်။ ဒီ* **Unbroken** *တေးအယ်လ်ဘမ်သစ်ဟာ လာမယ့် စက်တင်ဘာ ၁ ရက်မှာ ထွက်မယ်လို့ သိရပါတယ်။*

အသက် ၁၉ နှစ်အရွယ်သာရှိသေးတဲ့ လိုဗာတို (ယာပုံ) ဟာ **Disney Channel** *ရဲ့ ကြယ်ပွင့်တစ်ပွင့်ပါ။ သူမဟာ စိတ်ဖိစီးမှုနဲ့ အစားမှားတဲ့ရောဂါတွေကြောင့် တစ်နှစ်ကြာ ကုသမှုခံပြီး ယခုလို ကမ္ဘာလှည့်ဖျော်ဖြေမှုအစီအစဉ်သစ်ကို စတင်ခဲ့တာဖြစ်ပါတယ်။*

အဆိုတော် လိုဗာတိုဟာ ယခုနှစ် ဇန်နဝါရီလတုန်းက လော့စ်အိန်ဂျလိစ်မြို့မှာ ကျင်းပတဲ့ **Favorite Pop Artist Award** *ဆုကိုလက်ခံရရှိခဲ့သူဖြစ်ပါတယ်။ သူမဟာ တောင်အာဖရိကဖျော်ဖြေပွဲနဲ့* **Give Your Heart Break** *လို့အမည်ရတဲ့ တစ်ကိုယ်တော်တေးအယ်လ်ဘမ်တို့ နှစ်ခုပေါင်း* **You Tub** *မှတစ်ဆင့် အယ်လ်ဘမ် အချပ်ပေါင်း ၁၀ သန်းကျော်ရောင်းချခဲ့ပြီးပြီလို့ သိရပါတယ်။ (အင်တာနက်)*

အီဖယ်မျှော်စင်ပေါ်မှာ မင်္ဂလာနှစ်ပတ်လည်ကျင်းပတဲ့ အဆိုတော်မာရိုင်းကာရေး



လော့စ်အိန်ဂျလိစ် မေ ၃

ကမ္ဘာကျော်အဆိုတော် ဇနီးမောင်နှံဖြစ်တဲ့ မာရိုင်းကာရေးနဲ့ နစ်ကင်နွန်တို့ဟာ ဧပြီ ၂၇ ရက်က ပြင်သစ်နိုင်ငံ ပါရီမြို့မှာရှိတဲ့ အီဖယ်မျှော်စင်ကြီးပေါ်မှာ မင်္ဂလာအခမ်းအနား ကျင်းပခဲ့တယ်လို့ ဆိုပါတယ်။

ကျင်းပခဲ့

သူတို့ဇနီးမောင်နှံဟာ လှပခမ်းနားသော ဂျူးလီးယက်ဗာနီစားသောက်ဆိုင်မှာ မင်္ဂလာညစာစားပွဲအခမ်းအနား ကျင်းပခဲ့ကြပါတယ်။ ဒီညစာစားပွဲအပြီးမှာတော့ သူတို့ဇနီးမောင်နှံရဲ့ မင်္ဂလာအခမ်းအနားကြီးကိုတော့ ကမ္ဘာကျော်အီဖယ်မျှော်စင်ကြီးပေါ်မှာ ကျင်းပခဲ့တယ်တဲ့။ **(ယာပုံ)**

သူတို့ရဲ့နှစ်ပတ်လည်မင်္ဂလာအခမ်းအနားကို ထိပ်တန်းကမ္ဘာကျော်ဂီတနဲ့ အနုပညာရှင်များ တက်ရောက်အားပေးခဲ့ကြတယ်လို့ ဇနီးမောင်နှံနဲ့ ပြောရေးဆိုခွင့်ရ အမျိုးသမီး စင်ဒီဘာဂါက ပြောပါတယ်။ သူတို့နှစ်ဦးဟာ ၂၀၀၈ ခုနှစ်က ဘဟားမားကျွန်းမှာ လက်ထပ်ခဲ့ကြတာပါ။ ယခုအခါမှာတော့ မာရိုင်းကာရေးရဲ့ အသက်က ၄၂ နှစ်၊ ကင်နွန်ရဲ့အသက်က ၃၁ နှစ်ပါ။ သူတို့ချင်းအသက်ကွာခြားပေမယ့် လိုက်ဖက်ညီတဲ့ အတွဲလို့ ပရိသတ်တွေက ဆိုပါတယ်။

တင်ဆက်ပြသခဲ့

မာရိုင်းကာရေးနဲ့ ကင်နွန်တို့ရဲ့ မင်္ဂလာနှစ်ပတ်လည် အခမ်းအနားဟာ တကယ့်ပျော်စရာကောင်းတဲ့ အစီအစဉ်ပေါင်းများစွာနဲ့ ကျင်းပခဲ့တယ်လို့ဆိုပါတယ်။ လက်မထပ်မီလများက ပျော်ရွှင်ကြည်နူးခဲ့ရပုံများကို ပြန်ပြောင်းအမှတ်ရစေမည့် မြင်ကွင်းပုံရိပ်များကိုလည်း တင်ဆက်ပြသခဲ့တယ်လို့ဆိုပါတယ်။

အမြွှာကလေးမွေးဖွား

ယခုအခါမှာတော့ သူတို့ဇနီးမောင်နှံမှာ သံယောဇဉ်နှောင်ကြိုးတွေဟာ ခိုင်မာသည်ထက် ခိုင်မာလို့လာပါပြီ။ အကြောင်းကတော့ ပြီးခဲ့တဲ့ဧပြီလတုန်းက အဆိုတော် မာရိုင်းကာရေးက ထူးထူးခြားခြား အမြွှာကလေးမွေးဖွားပေးနိုင်ခဲ့လို့ပါပဲ။ ထူးထူးခြားခြားအမြွှာက သားနဲ့သမီးပါ။ အမြွှာ ၁၀၀ရှိရင် သားနဲ့သမီးမွေးတဲ့ အမြွှာက တစ်ကြိမ်ဖြစ်ခဲပါတယ်။ သားရောသမီးပါ မွေးပေးခဲ့တဲ့အမြွှာဖြစ်လို့ အလွန်ကုသိုလ်ထူးတဲ့ ဇနီးမောင်နှံလို့ပြောကြပါတယ်။ သားရဲ့နာမည်ကိုတော့ မိုရော့ကန်လို့ အမည်ပေးထားပြီး သမီးရဲ့နာမည်ကိုတော့ မွန်ရိုးလို့အမည်ပေးထားတယ်တဲ့။ ဘာပဲဖြစ်ဖြစ် သူတို့မိသားစုလေးဟာ ပျော်စရာ့ပျော်စရာကမ္ဘာလေးပါပဲ။ **(အင်တာနက်)**

ပုလဲသွယ်စပ်မျိုးစပါး အရည်အသွေးမီ မျိုးစပါးများထုတ်လုပ်

တောင်သူလယ်သမားများ၊ လုပ်ငန်းရှင်များ အပြန်အလှန်ယုံကြည်မှုရရှိရေးဆောင်ရွက်

ကွင်းဆင်းကြည့်ရှု

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် အုတ်တွင်းမြို့နယ် ပိတောက်ခင်ကျေးရွာအနီး ပုလဲသွယ်စပ်မျိုးစပါး တစ်ကွင်းတစ်ဆက်တည်း ၆၆ ဧက စိုက်ကွင်းတွင် ကွင်းဆင်းကြည့်ရှုစဉ်။ (သတင်းစဉ်)

ရန်ကုန် မေ ၃

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် မေ ၂ ရက် နံနက် ၉ နာရီခွဲတွင် ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် ပိတောက်ခင်ကျေးရွာအနီး ခပေါင်းဆည်ရေသောက် ပုလဲသွယ်စပ်မျိုးစပါး တစ်ကွင်းတစ်ဆက်တည်း ၆၆ ဧက စိုက်ကွင်း၌ သက်တမ်း ၉၀ ရက်သားတွင် စပါးနှံများ စုံညီစွာထွက်ရှိမှုကို တောင်သူလယ်သမားများနှင့်အတူ ကြည့်ရှုအားပေးသည်။

ထို့နောက်ဆင့် ပဲခူးမြို့နယ် တောင်ဆတ်အင်းကျေးရွာအနီးရှိ ဝါးကတုတ်ရေလှောင်တမံသို့ သွားရောက်ပြီး မိုးမကျမီ လုပ်ငန်းများပြီးစီးရေး မှာကြားသည်။

နံနက် ၁၁ နာရီခွဲတွင် ဇောင်းတူရေမြောင်း တိုးချဲ့တူးဖော်ရေးလုပ်ငန်းခွင်သို့ရောက်ရှိရာ ဇောင်းတူ-မိုးယွန်းကြီးအင်း ရေသွယ်မြောင်း၊ ဇောင်းတူ-ကျိုက်လှ ရေသွယ်မြောင်းနှင့် ဇောင်းတူ-စွန်ပိရေသွယ်မြောင်း တူးဖော်ခြင်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ လုပ်ငန်းတာဝန်ခံများက တင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ဒဂုံမြို့သစ် စံပြစက်မှုလယ်ယာဧက ၁၀၀၀၀ အထူးဇုန်အတွင်းရှိ International Sun Mon Star Agriculture ကုမ္ပဏီ၏ စပ်မျိုးစပါးမျိုးစေ့ထုတ်စိုက်ခင်း ဧက ၃၀၀ သို့ ရောက်ရှိပြီး ဈေးနှုန်းတွက်ခြေကိုက်သည့် ပုလဲသွယ်စပ်မျိုးစပါးကို ရာနှုန်းပြည့် ယုံကြည်စိတ်ချစွာ ထုတ်လုပ်ဖြန့်ဖြူးနိုင်သည့်အဆင့်ရောက်အောင် အရည်အသွေးမီ မျိုးစပါးများကိုထုတ်လုပ်ကြရန်နှင့် တောင်သူလယ်သမားများ၊ လုပ်ငန်းရှင်များ၊ ပညာရှင်များ၊ အပြန်အလှန်ယုံကြည်မှု ရရှိရေးဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားကာ စိုက်ကွင်းအတွင်း လှည့်လည်ကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်း ကြီးမားကျယ်ပြန့်

နိုင်ငံတကာအကူအညီအပြင် ပြည်သူအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်

အမျိုးသားအဆင့် လူဦးရေနှင့် ဖွံ့ဖြိုးတိုးတက်ရေးကော်မရှင်ဥက္ကဋ္ဌ ဗဟိုသန်းခေါင်စာရင်းကော်မရှင်ဥက္ကဋ္ဌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ ၂၀၁၄ ခုနှစ် ပြည်လုံးကျွတ် သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းနှင့်ပတ်သက်၍ နိုင်ငံတကာအတွေ့အကြုံများ ရှင်းလင်းဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် မေ ၃

၂၀၁၄ ခုနှစ် ပြည်လုံးကျွတ် သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းနှင့် ပတ်သက်၍ နိုင်ငံတကာအတွေ့အကြုံများ ရှင်းလင်းဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြတ်တော်ဝင်ဟိုတယ် Lobby ခန်းမ၌ကျင်းပရာ အမျိုးသားအဆင့်လူဦးရေနှင့် ဖွံ့ဖြိုးတိုးတက်ရေးကော်မရှင်ဥက္ကဋ္ဌ ဗဟိုသန်းခေါင်စာရင်းကော်မရှင်ဥက္ကဋ္ဌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ၊ ပြည်သူ့လွှတ်တော် လူမှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်ဆွေနှင့် အဖွဲ့ဝင်များ၊ အမျိုးသားအဆင့် လူဦးရေနှင့် ဖွံ့ဖြိုးတိုးတက်ရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်းနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့(UNFPA) ဌာနေကိုယ်စားလှယ် Mr. Mohamed Abdel-Ahad၊ လူဦးရေနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဒေသအကြံပေး ပုဂ္ဂိုလ် Mr. Christophe Lefranc နှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အမျိုးသားအဆင့် လူဦးရေနှင့် ဖွံ့ဖြိုးတိုးတက်ရေးကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက အဖွင့်အမှာစကားပြောကြားရာ၌ မြန်မာနိုင်ငံတွင် ၂၀၁၄ ခုနှစ်၌ ပြည်လုံးကျွတ် သန်းခေါင်စာရင်းကောက်ယူနိုင်ရေးအတွက် ကုလသမဂ္ဂနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့အကြား အကူအညီပေးရေးစာချွန်လွှာကို ဧပြီ ၃၀ ရက်က လက်မှတ်ရေးထိုးပြီးဖြစ်ပါကြောင်း၊ ယင်းလုပ်ငန်းသည် ကြီးမားကျယ်ပြန့်ပြီး တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်မည်ဖြစ်သဖြင့် နိုင်ငံတကာအကူအညီအပြင် ပြည်သူအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်မှသာ အောင်မြင်နိုင်မည်ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ နိုင်ငံတကာ၌ ဆောင်ရွက်ခဲ့ကြသည့် သန်းခေါင်စာရင်း ကောက်ယူရေးဆိုင်ရာ အတွေ့အကြုံများ၊ ***စာမျက်နှာ ၂ ကော်လံ ၅*** ❖

မြန်မာ့အလင်း သဘာဝသိပ္ပံ

➤ ကောင်းမြတ်သူ - ရေးသားသည် ➤

ပလတ်စတစ်စွန့်ပစ်ပစ္စည်းထုတ် လောင်စာဆီဖြင့် လေယာဉ်ငယ်တစ်စင်း စမ်းသပ်ပျံသန်း

လန်ဒန် မေ ၃

ပလတ်စတစ်စွန့်ပစ်ပစ္စည်းများမှ ရရှိသောစွမ်းအင်ဖြင့် အပေါ့စားလေယာဉ်တစ်စင်းကို ဗြိတိန်သုတေသနပညာရှင်များက တီထွင်ထုတ်လုပ်လိုက်ပြီး စမ်းသပ်ပျံသန်းမှုများ စတင်ပြုလုပ်လျက်ရှိကြောင်း မေ ၃ ရက်က သတင်းထုတ်ပြန်သည်။

ပလတ်စတစ်စွန့်ပစ်ပစ္စည်းများကို လေယာဉ်ဆီအဖြစ် ပြောင်းလဲထုတ်ယူပြီး ၎င်းလေယာဉ်ဆီ

ဖြင့် လေယာဉ်ငယ်တစ်စင်းကို စမ်းသပ်ပျံသန်းစေခြင်းဖြစ်သည်။ မြေကြီးပေါ်တွင် စွန့်ပစ်ထားသည့် ပလတ်စတစ်အမှိုက်များမှ လောင်စာဆီထုတ်ယူခြင်း၏ ပထမဆုံးတီထွင်စမ်းသပ်မှုတစ်ခုပင်ဖြစ်သည်။

ပလတ်စတစ်တွင်ပါရှိသော ဟိုက်ဒရိုဂျင်နှင့် ကာဗွန်အက်တမ်တို့ကို အချိန်ကြာရှည်စွာ အပူဖြင့် ပြောင်းလဲမှုဖြစ်စေပြီး ဟိုက်ဒရိုကာဗွန်လောင်စာဆီ အဖြစ်သို့ရရှိအောင် အဆင့်ဆင့်ပြုလုပ်ထုတ်ယူခြင်း ဖြစ်သည်။ ကျောက်မီးသွေးမှ လောင်စာစွမ်းအင်ထုတ်ယူမှုစနစ်အတိုင်း ***စာမျက်နှာ ၅ ကော်လံ ၅*** ▲

မြန်မာ့အလင်း ယနေ့ ဖတ်စရာ၊ မှတ်စရာ

Space X အာကာသကုန်တင်ယာဉ် လွှတ်တင်မှု ထပ်မံရွှေ့ဆိုင်း စာ-၄

ပန်းချီဆရာအက်ဗက်မန့်ခ်၏ပန်းချီကား

လေလံပွဲ၌ ဒေါ်လာ ၁၁၉ ဒသမ ၉ သန်း ရရှိ စာ-၄

စပိန်လာလီဂါပြိုင်ပွဲ ရီးရဲမက်ဒရစ်ဖလားရပြီ စာ-၁၀